မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၆] ရန်ကုန်မြို့ { ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၂ ရက် (၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်) } သောကြာနေ့ [အတွဲ ၇၉

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၅၃/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်)

**အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေး ကြီးကြပ်မှုဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၁။ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုကျူးလွန်မှုများကို မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် ပြည်ပနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် **အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေး ကြီးကြပ်မှုဗဟိုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ဥက္ကဋ္ဌ / ဝန်ကြီးချုပ်<br>နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (င) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (စ) | တိုင်းမှူး<br>သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဇ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဈ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ကာကွယ်ရေးဝန်ကြီးဌာန

(ည) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဋ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဌ) ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

(ဍ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ဎ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဏ) ဒုတိယတပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် အဖွဲ့ဝင်

(တ) ရဲချုပ် အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ထ) ဒုတိယရဲချုပ် (၂) တွဲဖက်အတွင်းရေးမှူး(၁)
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ဒ) ဌာနကြီးမှူး တွဲဖက်အတွင်းရေးမှူး(၂)
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန

၂။ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေး ကြီးကြပ်မှုဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ အမြစ်ပြတ်တိုက်ဖျက်ရေးအတွက် မူဝါဒများ ချမှတ်ခြင်း၊

(ခ) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးအတွက် လိုအပ်သည့်ကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဂ) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း (SOP) များ ရေးဆွဲချမှတ်ခြင်း၊

(ဃ) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားလုပ်ငန်းများ၌ တရားမဝင်ရောက်ရှိလုပ်ကိုင်နေသော နိုင်ငံခြားသားများနှင့်စပ်လျဉ်း၍ ပြန်လည်လွှဲပြောင်းပေးရန် သက်ဆိုင်ရာနိုင်ငံများနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(င) အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၅၄/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်)

**စားရေရိက္ခာမူဝါဒကော်မရှင် (Food Policy Commission) အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်စွဲပါ အမိန့်အမှတ် ၄၄/၂၀၂၆ ဖြင့် ဖွဲ့စည်းခဲ့သော **စားရေရိက္ခာမူဝါဒကော်မရှင် (Food Policy Commission)** တွင် အဖွဲ့ဝင်၊ ဥက္ကဋ္ဌ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် **အစား** အဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဥက္ကဋ္ဌ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၅၅/ ၂၀၂၆)**

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၂၆ ရက်)

**အမှုဆောင်ချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဒေါက်တာ ကိုကိုလွင် အား နိုင်ငံတော်သမ္မတရုံး၊ လူမှုရေးနှင့် ကျန်းမာရေးဗျူရို၊ အမှုဆောင်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၄ ရက်)

**လူရည်ချွန်စီမံကိန်းဗဟိုကော်မတီနှင့် လူရည်ချွန်စခန်းလုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း**

၁။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်စီမံကိန်းလုပ်ငန်းအစီအစဉ်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် **လူရည်ချွန်စီမံကိန်းဗဟိုကော်မတီနှင့် လူရည်ချွန်စခန်းလုပ်ငန်းကော်မတီများ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) **လူရည်ချွန်စီမံကိန်းဗဟိုကော်မတီ**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (၃) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |

| | | |
|---|---|---|
| (၄) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဒုတိယဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ဒုတိယဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ဒုတိယဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၆) | ဒုတိယဝန်ကြီး<br>လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၇) | ဒုတိယဝန်ကြီး<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၈) | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၉) | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန | အတွင်းရေးမှူး (၁) |
| (၂၀) | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန | အတွင်းရေးမှူး (၂) |
| (၂၁) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး (၁) |
| (၂၂) | ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ)<br>အဆင့်မြင့်ပညာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး (၂) |

(၂၃) ဒုတိယညွှန်ကြားရေးမှူးချုပ် (ပညာ) — တွဲဖက်အတွင်းရေးမှူး (၃)
အခြေခံပညာဦးစီးဌာန

( ခ ) လူရည်ချွန်စီမံကိန်းဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) လူရည်ချွန်ရွေးချယ်ရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်နှင့်မူဝါဒများ အတည်ပြုချမှတ်ခြင်း၊

(၂) လူရည်ချွန်စုရပ်စခန်းများအပါအဝင် လူရည်ချွန်စခန်းများဆောင်ရွက်မည့်နေရာဌာန သတ်မှတ်ခြင်းနှင့် လူရည်ချွန်စခန်းများ၏ စီမံချက်များကို စိစစ်အတည်ပြုခြင်း၊

(၃) သတ်မှတ်ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(၄) လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်လုပ်ငန်းကော်မတီအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(၅) စီမံကိန်းအတွက် လိုအပ်သည့်ရန်ပုံငွေများကို လျာထားသတ်မှတ်ခြင်း။

**( ဂ ) အခြေခံပညာအဆင့်အတွက် လူရည်ချွန်စခန်းလုပ်ငန်းကော်မတီ**

(၁) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
ပညာရေးဝန်ကြီးဌာန

(၂) ညွှန်ကြားရေးမှူးချုပ် — ဒုတိယဥက္ကဋ္ဌ
အခြေခံပညာဦးစီးဌာန

(၃) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန

(၄) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

(၅) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန

(၆) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန

(၇) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန

(၈) ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ) — အဖွဲ့ဝင်
အခြေခံပညာဦးစီးဌာန

(၉) ဒုတိယညွှန်ကြားရေးမှူးချုပ် (ဘဏ္ဍာ) — အဖွဲ့ဝင်
အခြေခံပညာဦးစီးဌာန

(၁၀) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံး

(၁၁) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံး

(၁၂) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရှမ်းပြည်နယ် (တောင်ပိုင်း) ပညာရေးမှူးရုံး

(၁၃) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဧရာဝတီတိုင်းဒေသကြီးပညာရေးမှူးရုံး

| | | |
|---|---|---|
| (၁၄) | ညွှန်ကြားရေးမှူး<br>နေပြည်တော်ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| (၁၅) | ညွှန်ကြားရေးမှူး (စီမံ)<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၁၆) | ညွှန်ကြားရေးမှူး (ဝန်ထမ်းရေးရာ)<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၁၇) | ညွှန်ကြားရေးမှူး (နယ်စပ်)<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၁၈) | ညွှန်ကြားရေးမှူး (ပညာ – ၂)<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၁၉) | ညွှန်ကြားရေးမှူး (စီ / ဖြတ် – ၁)<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၂၀) | ညွှန်ကြားရေးမှူး (စီ / ဖြတ် – ၂)<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၂၁) | ညွှန်ကြားရေးမှူး (စီမံကိန်း/ စာရင်းအင်း)<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၂၂) | ညွှန်ကြားရေးမှူး (ကွန်ပျူတာ/ မှတ်တမ်း)<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၂၃) | ဒုတိယညွှန်ကြားရေးမှူးချုပ် (ပညာ)<br>အခြေခံပညာဦးစီးဌာန | အတွင်းရေးမှူး |
| (၂၄) | ညွှန်ကြားရေးမှူး (ပညာ – ၁)<br>အခြေခံပညာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး(၁) |
| (၂၅) | ညွှန်ကြားရေးမှူး (ဘဏ္ဍာ)<br>အခြေခံပညာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး(၂) |

(ဃ) **အဆင့်မြင့်ပညာအဆင့်အတွက် လူ့ရည်ချွန်စခန်းလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (၃) | ညွှန်ကြားရေးမှူးချုပ်<br>ဆရာအတတ်ပညာဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန | အဖွဲ့ဝင် |

(၈) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဦးစီးဌာန

(၉) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၁၀) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(၁၁) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၁၂) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၁၃) ပါမောက္ခချုပ် — အဖွဲ့ဝင်
Nay pyi taw State Academy

(၁၄) ညွှန်ကြားရေးမှူး (သင်တန်းနှင့် မူဝါဒ) — အဖွဲ့ဝင်
အဆင့်မြင့်ပညာဦးစီးဌာန

(၁၅) ညွှန်ကြားရေးမှူး (စီမံကိန်းနှင့် စာရင်းအင်း) — အဖွဲ့ဝင်
အဆင့်မြင့်ပညာဦးစီးဌာန

(၁၆) ဒုတိယညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
အဆင့်မြင့်ပညာဦးစီးဌာန

(၁၇) ညွှန်ကြားရေးမှူး (ဝန်ထမ်းရေးရာ) — တွဲဖက်အတွင်းရေးမှူး(၁)
အဆင့်မြင့်ပညာဦးစီးဌာန

(၁၈) ညွှန်ကြားရေးမှူး (ဘဏ္ဍာ) — တွဲဖက်အတွင်းရေးမှူး(၂)
အဆင့်မြင့်ပညာဦးစီးဌာန

(င) အခြေခံပညာအဆင့်နှင့် အဆင့်မြင့်ပညာအဆင့်အတွက် လူရည်ချွန်စခန်းလုပ်ငန်းကော်မတီများ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(၁) တိုင်းဒေသကြီး/ ပြည်နယ်များမှ တင်ပြလာသည့် ခရိုင်အလိုက်လူရည်ချွန်စာရင်းများနှင့် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်များမှတင်ပြလာသည့် လူရည်ချွန်စာရင်းများအား စိစစ်အတည်ပြုပေးရန်၊

(၂) ဆပ်ကော်မတီအလိုက်တင်ပြလာသည့် ခန့်မှန်းတွက်ချက်စရိတ်များကို ဗဟိုကော်မတီသို့ တင်ပြအတည်ပြုချက်ရယူရန်၊

(၃) ဗဟိုကော်မတီမှ စခန်းများကို အတည်ပြုပြီးပါက စခန်းများ ဖွင့်လှစ်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဆပ်ကော်မတီများသို့ အကြောင်းကြား၍ လိုအပ်သည်များကို တွက်ချက်တင်ပြစေရန်၊

(၄) တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊ စုရပ်စခန်းများ၊ လူရည်ချွန်စခန်းများ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရန်နှင့် ကြီးကြပ်ညှိနှိုင်းပေးရန်။

(စ) **တိုင်းဒေသကြီး/ ပြည်နယ်လူရည်ချွန်ရွေးချယ်ရေးကော်မတီ**

(၁) လူမှုရေးရာဝန်ကြီး — နာယက
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့

(၂) အုပ်ချုပ်ရေးမှူး — နာယက
တိုင်းဒေသကြီး/ ပြည်နယ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

| | | |
|---|---|---|
| (၃) | တိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူး<br>တိုင်းဒေသကြီး / ပြည်နယ်ပညာရေးမှူးရုံး | ဥက္ကဋ္ဌ |
| (၄) | ညွှန်ကြားရေးမှူး (စီမံ) သို့မဟုတ်<br>ဒုတိယညွှန်ကြားရေးမှူး (စီမံ)<br>တိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူးရုံး | ဒုတိယဥက္ကဋ္ဌ |
| (၅) | တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူး<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | တိုင်းဒေသကြီး / ပြည်နယ်ဦးစီးမှူး<br>အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | တိုင်းဒေသကြီး / ပြည်နယ်ဦးစီးမှူး<br>လူငယ်ရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယညွှန်ကြားရေးမှူး (ဘဏ္ဍာ)<br>တိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| (၉) | ဒုတိယညွှန်ကြားရေးမှူး (စီမံကိန်းနှင့် စာရင်းအင်း)<br>တိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| (၁၀) | ဒုတိယညွှန်ကြားရေးမှူး (ကြီးကြပ်အကဲဖြတ်)<br>တိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| (၁၁) | လက်ထောက်ညွှန်ကြားရေးမှူး (ကာယ)<br>တိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| (၁၂) | ညွှန်ကြားရေးမှူး (ပညာ) သို့မဟုတ်<br>ဒုတိယညွှန်ကြားရေးမှူး (ပညာ)<br>တိုင်းဒေသကြီး / ပြည်နယ်ပညာရေးမှူးရုံး | အတွင်းရေးမှူး |

**မှတ်ချက်။** ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ညွှန်ကြားရေးမှူး (ပညာ) က လည်းကောင်း၊ ကျန်တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဒုတိယညွှန်ကြားရေးမှူး (ပညာ) က လည်းကောင်း အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရန်။

(ဆ) တိုင်းဒေသကြီး/ ပြည်နယ်လူရည်ချွန်ရွေးချယ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ဗဟိုကော်မတီမှချမှတ်ထားသော မူဝါဒများနှင့် လုပ်ငန်းစဉ်များကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၂) (ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်) လူရည်ချွန်စာမေးပွဲများကို လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျကျင်းပနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(၃) (ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်) လူရည်ချွန်ရွေးချယ်ရာ၌ လိုအပ်သောအကူအညီများ ပံ့ပိုးပေးရန်၊

(၄) မသမာမှုကင်းရှင်းစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊

(၅) လူရည်ချွန်စာမေးပွဲများ ကျင်းပနေစဉ်အတွင်း အခါအားလျော်စွာ လှည့်လည်ကြီးကြပ်အကဲဖြတ်ရန်။

၂။ ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများသည် လိုအပ်သော ဆပ်ကော်မတီများအား တိုးချဲ့ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်ပါသည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၄ ရက်)

**နျူကလီးယားစွမ်းအင်အစီအစဉ်အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ အမျိုးသားအဆင့် နျူကလီးယားစွမ်းအင်အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီမှ ညွှန်ကြားသည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ဆပ်ကော်မတီများအကြား ပေါင်းစပ်ညှိနှိုင်းမှု၊ ချိတ်ဆက်ဆောင်ရွက်မှုများကို တာဝန်ယူဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ **နျူကလီးယားစွမ်းအင်အစီအစဉ်အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | အမြဲတမ်းအတွင်းဝန်<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်<br>စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဎ) အမြဲတမ်းအတွင်းဝန် အလုပ်သမားဝန်ကြီးဌာန — အဖွဲ့ဝင်

(ဏ) အမြဲတမ်းအတွင်းဝန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(တ) အမြဲတမ်းအတွင်းဝန် ဆောက်လုပ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ထ) အမြဲတမ်းအတွင်းဝန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဒ) ပါမောက္ခချုပ် တပ်မတော်သိပ္ပံနှင့် နည်းပညာသုတေသနဌာန ကာကွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဓ) အမြဲတမ်းအတွင်းဝန် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန — အတွင်းရေးမှူး

(န) ညွှန်ကြားရေးမှူးချုပ် အဏုမြူစွမ်းအင်ဦးစီးဌာန သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး

၂။ နျူကလီးယားစွမ်းအင်အစီအစဉ်အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) နိုင်ငံတော်အစိုးရအနေဖြင့် နျူကလီးယားစွမ်းအင်အစီအစဉ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် စတင်နိုင်ရေးအတွက် သုံးသပ်ချက်များနှင့် အကြံပြုချက်များ စုစည်းတင်ပြခြင်း၊

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်စပ်အဖွဲ့အစည်းများပါဝင်သော ဆပ်ကော်မတီများ/ လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းပေးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) နျူကလီးယားစွမ်းအင်အစီအစဉ်နှင့် စီမံကိန်းများအကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များ ထုတ်ပြန်ရန်ဆောင်ရွက်ခြင်း၊

(ဃ) နျူကလီးယားစွမ်းအင်အစီအစဉ်ဆိုင်ရာ အသေးစိတ်အစီရင်ခံစာနှင့် လမ်းပြမြေပုံရေးဆွဲခြင်းအပါအဝင် အမျိုးသားနျူကလီးယားအခြေခံအဆောက်အအုံအား အကဲဖြတ်သုံးသပ်ရေးနှင့် ဖွံ့ဖြိုးရေးကိစ္စရပ်များ ဆောင်ရွက်ခြင်း၊

(င) နျူကလီးယားစွမ်းအင်အစီအစဉ် ရေရှည်အကောင်အထည်ဖော်နိုင်ရေးကို ပံ့ပိုးနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အကျိုးသက်ဆိုင်သူများ ပါဝင်ပတ်သက်ရေး၊ စက်မှုလုပ်ငန်းများပါဝင်ရေး၊ ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများနှင့် သုံးစွဲပြီးလောင်စာများစီမံခန့်ခွဲရေး စသည့်ကိစ္စရပ်များဆိုင်ရာ မဟာဗျူဟာများနှင့် အစီအမံများရေးဆွဲဆောင်ရွက်ခြင်း၊

(စ) အမျိုးသားနျူကလီးယားအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေအား သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ လေ့လာသုံးသပ်အကဲဖြတ်ဆောင်ရွက်ခြင်း၊

(ဆ) နျူကလီးယားစွမ်းအင်အစီအစဉ်နှင့် နျူကလီးယားအခြေခံအဆောက်အအုံဖွံ့ဖြိုးမှုတို့ကို အထောက်အပံ့ပြုရန်အတွက် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီအပါအဝင် အခြားသက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် ထိတွေ့ဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) နျူကလီးယားစွမ်းအင်အစီအစဉ်အား အကောင်အထည်ဖော်မှုအဆင့်အလိုက် လိုအပ်ပါက ဆပ်ကော်မတီများ/ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၄ ရက်)

**ကျောင်းကျန်းမာရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်ကချမှတ်ထားသော အမျိုးသားကျန်းမာရေးစီမံကိန်းတွင်ပါဝင်သည့် ကျောင်းကျန်းမာရေး စီမံချက်လုပ်ငန်းများကို နှီးနွှယ်ဦးစီးဌာနများနှင့်ညှိနှိုင်း၍ ကြီးကြပ်ဆောင်ရွက်ရန်နှင့် ကျောင်းသားလူငယ် တစ်ရပ်လုံး ကျန်းမာကြံ့ခိုင်စေရေးတို့အတွက် ပိုမိုထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန် **ကျောင်းကျန်းမာရေး ဗဟိုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | နာယက |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | နာယက |
| (ဂ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဎ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အားကစားနှင့် ကာယပညာဦးစီးဌာန
အားကစားရေးရာဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဃ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံကြက်ခြေနီအသင်း

(ဏ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း

(တ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ထ) ဒုတိယညွှန်ကြားရေးမှူးချုပ် (ပညာ) — တွဲဖက်အတွင်းရေးမှူး (၁)
အခြေခံပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ဒ) ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ) — တွဲဖက်အတွင်းရေးမှူး (၂)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

၂။ ကျောင်းကျန်းမာရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကျောင်းကျန်းမာရေးလုပ်ငန်းနှင့်ပတ်သက်သည့် မူဝါဒများနှင့် လမ်းညွှန်ချက်များချမှတ်ခြင်း၊

(ခ) ကျောင်းကျန်းမာရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက် နီးနွယ်ဌာနများ၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ)၊ လူမှုရေး အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ဂ) ဗဟိုအဆင့်ကျောင်းကျန်းမာရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးများကို နှစ်စဉ် သို့မဟုတ် လိုအပ်သလို ကျင်းပပြုလုပ်ခြင်း၊

(ဃ) ကျောင်းကျန်းမာရေးလုပ်ငန်းများအတွက် လိုအပ်သည့်အရင်းအမြစ်များရရှိရေးအတွက် ညှိနှိုင်းခြင်းနှင့် လမ်းညွှန်ခြင်း၊

(င) တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များနှင့် ကျောင်းအဆင့် ကျောင်းကျန်းမာရေးကော်မတီများကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၄ ရက်)

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဖွဲ့စည်းခြင်း**

သတင်းမီဒီယာဥပဒေပုဒ်မ ၁၃ အရ **မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (၁) | ဒေါက်တာ တင်ထွန်းဦး | ဥက္ကဋ္ဌ |
| (၂) | ဦးခင်မောင်ဇော် | ဒုတိယဥက္ကဋ္ဌ (၁) |
| (၃) | ဦးခင်မောင်ကျော်ဒင် | ဒုတိယဥက္ကဋ္ဌ (၂) |
| (၄) | ဦးတင်ကိုကို | ဘဏ္ဍာရေးမှူး |
| (၅) | ဦးမြင့်သိန်း (မောင်မောင်မြင့်သိန်း) | စာရင်းစစ် |
| (၆) | ဒေါက်တာ ဇော်သန်း | ကောင်စီဝင် |
| (၇) | ပါမောက္ခ ဒေါက်တာ မြသိန်းဟန် | ကောင်စီဝင် |
| (၈) | ဒေါက်တာ ခင်မောင်လွင် | ကောင်စီဝင် |
| (၉) | ဒေါက်တာ တင်အောင်ခိုင် | ကောင်စီဝင် |
| (၁၀) | ဦးအောင်ကြည် (အောင်ကြည်ညွန့်-တက္ကသိုလ်) | ကောင်စီဝင် |
| (၁၁) | ဦးကြည်ညွန့် | ကောင်စီဝင် |
| (၁၂) | ဒေါက်တာ စန်းဦး | ကောင်စီဝင် |
| (၁၃) | ဦးမြတ်စိုး (မြတ်စိုး-လှိုင်) | ကောင်စီဝင် |
| (၁၄) | ဦးသိုက်ထွန်း | ကောင်စီဝင် |
| (၁၅) | ဦးဥက္ကာအေး | ကောင်စီဝင် |
| (၁၆) | ဦးဝင်းနိုင် (မင်းဆက်ပိုင်) | ကောင်စီဝင် |
| (၁၇) | ဦးစန်းလွင် | ကောင်စီဝင် |
| (၁၈) | ဦးပြည်စိုးဟန် | ကောင်စီဝင် |
| (၁၉) | ဦးတင်ဝင်း (တင်ဝင်းလေး-ကြည့်မြင်တိုင်) | ကောင်စီဝင် |
| (၂၀) | ဒေါ်နီလာမျိုးဦး | ကောင်စီဝင် |
| (၂၁) | ဒေါ်နှင်းအေးခိုင် | ကောင်စီဝင် |
| (၂၂) | ဦးလှထွန်းဦး (ကာတွန်းလှထွန်း) | အတွင်းရေးမှူး |
| (၂၃) | ဦးစိန်တိုး (ဆန်းလင်း) | တွဲဖက်အတွင်းရေးမှူး(၁) |
| (၂၄) | ဦးရဲမင်းစိုး (မောင်မောက်ဝတ်လုံ) | တွဲဖက်အတွင်းရေးမှူး(၂) |

(ပုံ) မင်းအောင်လှိုင်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၈/ ၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၄ ရက်)

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီဖွဲ့စည်းခြင်း

၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) အရ နိုင်ငံတော်စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကိုအသုံးပြု၍ စီးပွားဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းနှင့် အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်ရန် **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး (စိုက်ပျိုးရေးကဏ္ဍ)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ဒုတိယဝန်ကြီး (မွေးမြူရေးကဏ္ဍ)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၃) |
| (င) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |
| (ဆ) | တွဲဖက်စစ်ထောက်ချုပ် (၂)<br>စစ်ထောက်ချုပ်ရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန<br>အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဋ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ပ) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဖ) | မြို့ပြအုပ်ချုပ်ရေးကိစ္စများဆိုင်ရာပြင်ပပညာရှင် (၁) ဦး | အဖွဲ့ဝင် |
| (ဗ) | သစ်တောရေးရာဆိုင်ရာပြင်ပပညာရှင် (၁) ဦး | အဖွဲ့ဝင် |
| (ဘ) | မြေယာဆိုင်ရာပြင်ပပညာရှင် (၁) ဦး | အဖွဲ့ဝင် |
| (မ) | ညွှန်ကြားရေးမှူးချုပ်<br>ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ** အနေဖြင့် နိုင်ငံတော်အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အောက်ဖော်ပြပါလုပ်ငန်းများအတွက် တည်ဆဲဥပဒေများနှင့်အညီ နည်းလမ်းတကျဆောင်ရွက်နိုင်ရန် စိစစ်ခြင်း၊ ခွင့်ပြုခြင်း၊ လုပ်ပိုင်ခွင့်ရုပ်သိမ်းခြင်းတို့ကို ဆောင်ရွက်နိုင်သည်–

(က) စိုက်ပျိုးရေးလုပ်ငန်း၊

(ခ) မွေးမြူရေးလုပ်ငန်း၊

(ဂ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း၊

(ဃ) အစိုးရကခွင့်ပြုသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများ။

၃။ **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ** သို့ အောက်ပါပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများက နည်းလမ်းတကျ တင်ပြလျှောက်ထားလာခြင်းများကိုစိစစ်၍ ခွင့်ပြုခြင်း၊ ငြင်းဆိုခြင်းများ ဆောင်ရွက်နိုင်သည်–

(က) မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများ၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊

(ဂ) ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ ၁၄ နှင့်အညီ ကင်းလွတ်ခွင့်ပြုထားသူများ၊

(ဃ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်နှင့် အကျိုးတူကိစ္စရပ်များအတွက် ဆောင်ရွက်မည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၊

(င) မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူကိစ္စရပ်များအတွက်ဆောင်ရွက်မည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၊

(စ) မြေယာမဲ့နိုင်ငံသားများအတွက်သော်လည်းကောင်း၊ လုပ်ကွက်ငယ်တောင်သူလယ်သမားများအတွက် သော်လည်းကောင်း၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် သော်လည်းကောင်း တာဝန်ယူဆောင်ရွက်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ။

၄။ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်စီမံခန့်ခွဲရေးကော်မတီ များ၏ သဘောထားထောက်ခံချက်ဖြင့်တင်ပြလာသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များနှင့် စီမံခန့်ခွဲရေးကော်မတီများ၏ ငြင်းပယ်ကြောင်းဆုံးဖြတ်ချက်ကို မကျေနပ်၍ အယူခံဝင်ရောက်လာသည့်ကိစ္စရပ်များအား ဆုံးဖြတ်ပေးရမည်။

၅။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုများနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုကို နိုင်ငံတော်သမ္မတရုံးသို့ (၆) လလျှင် တစ်ကြိမ် တင်ပြရမည်။ မူဝါဒဆိုင်ရာ အဆုံးအဖြတ်ခံယူရန် ပေါ်ပေါက်ပါက နိုင်ငံတော်သမ္မတထံ နည်းလမ်းတကျတင်ပြ၍ လမ်းညွှန်မှုခံယူရမည်။

၆။ **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ** သည် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့် များနှင့်စပ်လျဉ်းပြီး လိုအပ်သော တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး၏ သဘောတူညီမှုအရ အမိန့်ကြော်ငြာစာ ထုတ်ပြန်ဆောင်ရွက်နိုင်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၉/ ၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၄ ရက်)

**လယ်ယာမြေတွင် ခွင့်ပြုမိန့်မရရှိဘဲ ကျူးလွန်ဆောင်ရွက်မှုအခြေအနေကို ခွင့်ပြုရန် သင့် မသင့် စိစစ်ခွဲခြားရန်အတွက် လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း**

၁။　**လယ်ယာမြေတွင် ခွင့်ပြုမိန့်မရရှိဘဲ ကျူးလွန်ဆောင်ရွက်မှုအခြေအနေကို ခွင့်ပြုရန် သင့် မသင့် စိစစ်ခွဲခြားရန်အတွက် လုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က)　လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး　ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်
အစိုးရအဖွဲ့

(ခ)　ဦးစီးအရာရှိ (ပထမတန်း) ထက်မနိမ့်သော　အဖွဲ့ဝင်
ကိုယ်စားလှယ်တစ်ဦး
သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်

(ဂ)　တပ်ဖွဲ့မှူး　အဖွဲ့ဝင်
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်
ရဲတပ်ဖွဲ့မှူးရုံး

(ဃ)　ဦးစီးမှူး　အဖွဲ့ဝင်
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်
ပြည်တွင်းအခွန်များဦးစီးဌာန

(င)　ဥပဒေအရာရှိ　အဖွဲ့ဝင်
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေရုံး

(စ)　ဦးစီးမှူး　အဖွဲ့ဝင်
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်
သာသနာရေးဦးစီးဌာန

(ဆ)　ဦးစီးမှူး　အဖွဲ့ဝင်
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(ဇ)　ဦးစီးမှူး/ တာဝန်ခံအရာရှိ　အဖွဲ့ဝင်
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
ရန်ကုန်/မန္တလေးလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကော်ပိုရေးရှင်း

(ဈ)　ဦးစီးမှူး　အဖွဲ့ဝင်
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်
အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန

(ည)　ဦးစီးမှူး　အဖွဲ့ဝင်
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်
လမ်းဦးစီးဌာန

(ဋ) ဦးစီးမှူး — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(ဌ) ဌာနမှူး (မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန) — အဖွဲ့ဝင်
နေပြည်တော်/ ရန်ကုန်/ မန္တလေးစည်ပင်သာယာရေးကော်မတီ

(ဍ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး/ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

(ဎ) အုပ်ချုပ်ရေးမှူး — အတွင်းရေးမှူး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဏ) ဦးစီးမှူး — တွဲဖက်အတွင်းရေးမှူး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်
ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန

၂။ လယ်ယာမြေတွင် ခွင့်ပြုမိန့်မရရှိဘဲ ကျူးလွန်ဆောင်ရွက်မှုအခြေအနေကို ခွင့်ပြုရန် သင့် မသင့် စိစစ်ခွဲခြားရန်အတွက် လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) လယ်ယာမြေတွင် ခွင့်ပြုမိန့်မရရှိဘဲ ကျူးလွန်ဆောင်ရွက်မှုအခြေအနေကို မြေပြင်ကွင်းဆင်း စိစစ်ခွဲခြားနိုင်ရေးအတွက် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများဖြင့် မြေပြင်ကွင်းဆင်း စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ခ) လယ်ယာမြေတွင် ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းဖြင့် ကျူးလွန်ဖောက်ဖျက်မှု ရှိ မရှိအား စောင့်ကြည့်စိစစ်တင်ပြနိုင်ရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များဖြင့် စောင့်ကြည့်စိစစ်တင်ပြရေးအဖွဲ့ကို ဖွဲ့စည်းပေးခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဂ) မြေပြင်ကွင်းဆင်းစိစစ်ရေးအဖွဲ့များ မြေပြင်စာရင်းကောက်ယူခြင်းနှင့်စပ်လျဉ်း၍ တစ်ပြေးညီဖြစ်စေရန်အတွက် လိုအပ်မည့်စာရင်းကောက်ပုံစံများကို အတည်ပြုဖြန့်ဝေခြင်း၊

(ဃ) လယ်ယာမြေတွင် ခွင့်ပြုမိန့်မရရှိဘဲ ကျူးလွန်အသုံးပြုခြင်းများကို ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ ပြဋ္ဌာန်းသည့် ၃၀-၈-၂၀၁၂ ရက်နေ့မတိုင်မီကာလနှင့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပြဋ္ဌာန်းပြီးနောက် ၁-၉-၂၀၁၂ ရက်နေ့မှ လုပ်ထုံးလုပ်နည်းရေးဆွဲရန် အမိန့်ထုတ်ပြန်သည့် ၁၈-၈-၂၀၂၃ ရက်နေ့အထိ ကာလဟု ပိုင်းခြားသတ်မှတ်အတည်ပြုခြင်း၊

(င) မြေပြင်ကွင်းဆင်းစိစစ်ရေးအဖွဲ့မှ စိစစ်တင်ပြလာသည့် ကျူးလွန်အသုံးပြုမှုအမျိုးအစားအလိုက် ညီညွတ်မှန်ကန်မှုရှိသောကိစ္စရပ်များနှင့် ညီညွတ်မှန်ကန်မှုမရှိသောကိစ္စရပ်များကို ခွဲခြားစိစစ်ရာတွင် လုပ်ထုံးလုပ်နည်းများ အပိုဒ် ၅ ပါ စိစစ်ရမည့်အချက်များနှင့်အညီ ခွင့်ပြုရန် သင့် မသင့် စိစစ်သုံးသပ် အတည်ပြုခြင်း၊

(စ) ခွင့်ပြုရန် သင့် မသင့် စိစစ်သုံးသပ်ချက်နှင့်စပ်လျဉ်း၍ လုပ်ငန်းအစီရင်ခံစာကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဆ) မြေပြင်ကွင်းဆင်းစိစစ်မှုများနှင့်စပ်လျဉ်း၍ မူဝါဒပိုင်းဆိုင်ရာ ဆုံးဖြတ်ဆောင်ရွက်ရမည့် ကိစ္စရပ်များ ရှိပါက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသို့ တင်ပြလမ်းညွှန်မှုခံယူခြင်း၊

(ဇ) မြေပြင်ကွင်းဆင်းစိစစ်ရေးအဖွဲ့များသည် ပေးအပ်ထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျူးလွန်ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဈ) လယ်ယာမြေအား ခွင့်ပြုမိန့်ရရှိပြီးနောက် လိုအပ်ပါက မြို့/ ရွာ/ ရပ်ကွက်နယ်နိမိတ်များ တိုးချဲ့ ပြင်ဆင်ဖွဲ့စည်းရေး သို့မဟုတ် အသစ်ဖွဲ့စည်းရေးဆိုင်ရာကိစ္စများကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ နှင့်အညီ လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးနိုင်ရေး သဘောထားမှတ်ချက်ဖြင့် နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ည) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းဖြင့်အသုံးပြုခြင်းများကို ဖြေရှင်းနိုင်ရန်နှင့် နောင်ထပ်မံ မဖြစ်ပွားစေရေးအတွက် မြို့ပြဒေသ/ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မည့် လုပ်ငန်း စီမံချက်များကိုရေးဆွဲပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဋ) မြေပြင်ကွင်းဆင်းစိစစ်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လိုအပ်သောရန်ပုံငွေများကို ကျခံသုံးစွဲ နိုင်ရေးအတွက် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ရန်ပုံငွေများလျာထားသတ်မှတ်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခြင်း။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၀/ ၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၄ ရက်)

## ပြည်ပရောက်မြန်မာနိုင်ငံသားဟောင်းများကို မြန်မာနိုင်ငံသားအဖြစ် သတ်မှတ်နိုင်ရေးအတွက် စိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ပြည်ပနိုင်ငံအသီးသီးတွင် အကြောင်းအမျိုးမျိုးဖြင့်ရောက်ရှိနေပြီး အခြားနိုင်ငံသားအဖြစ် ခံယူထားသည့် မြန်မာနိုင်ငံသားဟောင်းများနှင့် အခြားနိုင်ငံသားအဖြစ် ခံယူထားခြင်းမရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသားအဖြစ်မှ ဆုံးရှုံးသွားသည့် မြန်မာနိုင်ငံသားဟောင်းများက မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုပါရန် လျှောက်ထားလာမှုများအား မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မြန်မာနိုင်ငံသားအဖြစ် သတ်မှတ်နိုင်ရေးအတွက် စိစစ်တင်ပြရန် **ပြည်ပရောက်မြန်မာနိုင်ငံသားဟောင်းများကို မြန်မာနိုင်ငံသားအဖြစ် သတ်မှတ်နိုင်ရေးအတွက် စိစစ်ရေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(စ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဆ) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

၂။ ပြည်ပရောက်မြန်မာနိုင်ငံသားဟောင်းများကို မြန်မာနိုင်ငံသားအဖြစ် သတ်မှတ်နိုင်ရေးအတွက် စိစစ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ပြည်ပရောက်မြန်မာနိုင်ငံသားဟောင်းများက မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုရန် လျှောက်ထားမှုများကို မြန်မာနိုင်ငံသားဥပဒေနှင့်အညီ စိစစ်ခြင်း၊

(ခ) ပြည်ပနိုင်ငံတွင် ဒုက္ခသည်အဖြစ် ခံယူနေထိုင်သော မြန်မာနိုင်ငံသားဟောင်းများနှင့် အမည်မည်း စာရင်းဝင် မြန်မာနိုင်ငံသားဟောင်းများ၏ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုရန် လျှောက်ထားမှုများကို ကိစ္စတစ်ခုချင်းအလိုက် စိစစ်ထောက်ခံတင်ပြရန် သင့် မသင့် ဆုံးဖြတ်ခြင်း၊

(ဂ) မြန်မာနိုင်ငံသားဖြစ်ကြောင်း အထောက်အထားမပြနိုင်သည့် မြန်မာနိုင်ငံသားဟောင်းများ၏ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုရန် လျှောက်ထားမှုများနှင့်စပ်လျဉ်း၍ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ နိုင်ငံသားစိစစ်အတည်ပြုချက်၊ ၎င်း၏ပြည်ပတွင် နေထိုင်မှုအခြေအနေနှင့် ပြစ်မှုကင်းရှင်းသူ ဟုတ် မဟုတ် တို့ကို သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးတို့၏ သဘောထားမှတ်ချက်များရယူ၍ ကိစ္စတစ်ခုချင်းအလိုက် စိစစ်ထောက်ခံ တင်ပြရန် သင့် မသင့် ဆုံးဖြတ်ခြင်း၊

(ဃ) မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုကြောင်း ထောက်ခံသင့်သည်ဟု ဆုံးဖြတ်ခြင်းခံရသည့် မြန်မာနိုင်ငံသားဟောင်းများနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြခြင်း၊

(င) မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုကြောင်း ထောက်ခံတင်ပြထားသူများကို ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေးက မြန်မာနိုင်ငံသားအဖြစ်သတ်မှတ်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအား ညွှန်ကြားခြင်း။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

**ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ပြည်ထောင်စုအစိုးရအဖွဲ့သည်အသင်းအဖွဲ့မှတ်ပုံတင်ခြင်း ဆိုင်ရာဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **ပြည်ထောင်စု မှတ်ပုံတင်ရေးအဖွဲ့** ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည်–

(၁) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

(၂) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(၃) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၄) အမြဲတမ်းအတွင်းဝန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန — အဖွဲ့ဝင်

(၅) အမြဲတမ်းအတွင်းဝန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန — အဖွဲ့ဝင်

(၆) ဒုတိယရဲချုပ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ — အဖွဲ့ဝင်

(၇) ညွှန်ကြားရေးမှူးချုပ် ဥပဒေရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်

(၈) ညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံတော်ဗဟိုဘဏ် — အဖွဲ့ဝင်

(၉) ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အတွင်းရေးမှူး

အမိန့်အရ

နေလင်း
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

### လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း

၁။ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ယင်းဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (က) အရ **လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟို အဖွဲ့** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခ) ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(ဂ) ဒုတိယဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(ဃ) ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဥပဒေရေးရာဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(င) ဒုတိယဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(စ) ဒုတိယဝန်ကြီး ကာကွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဆ) ဒုတိယဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်

| | | |
|---|---|---|
| (ဇ) | အဖွဲ့ဝင်<br>မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | အမြဲတမ်းအတွင်းဝန်<br>အမျိုးသမီးရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | အမြဲတမ်းအတွင်းဝန်<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | အမြဲတမ်းအတွင်းဝန်<br>လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ပ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဖ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| (ဗ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဘ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (မ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |

(ယ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံကြက်ခြေနီအသင်း

(ရ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်

(လ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း

(ဝ) နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ် — အဖွဲ့ဝင်
အစိုးရအဖွဲ့မှ ကိုယ်စားလှယ် (၁) ဦးစီ

(သ) ဌာနကြီးမှူး — အဖွဲ့ဝင်
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ဟ) ရဲချုပ် — အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ဠ) တပ်ဖွဲ့မှူး — တွဲဖက်အတွင်းရေးမှူး
လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့

၂။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ နှိမ်နင်းရေးတို့နှင့်စပ်လျဉ်း၍ ဤဥပဒေပါ ရည်ရွယ်ချက်များကို ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်ရေးအတွက် မူဝါဒများနှင့် လမ်းညွှန်ချက်များချမှတ်ခြင်း၊

(ခ) ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုရန် လုပ်ငန်းကော်မတီများ၊ ဒေသဆိုင်ရာတားဆီးကာကွယ်ရေးအဖွဲ့များနှင့် တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့အား လမ်းညွှန်ခြင်းနှင့် ညှိနှိုင်းပေါင်းစပ်ခြင်း၊

(ဂ) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် နှိမ်နင်းရေးတို့ကို ထိရောက်စွာဆောင်ရွက်နိုင်ရန် သုတေသန လုပ်ငန်းများ ဆောင်ရွက်ရေးအတွက်လည်းကောင်း၊ လိုအပ်သည့် အခြေခံအချက်အလက်များ ရရှိနိုင်ရေးအတွက်လည်းကောင်း ကျွမ်းကျင်သူများပါဝင်သည့် သုတေသနလုပ်ငန်းအဖွဲ့များ၊ လေ့လာစိစစ်ရေးနှင့် အကဲဖြတ်အဖွဲ့များ၊ အခြားလိုအပ်သော အဖွဲ့များဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) လူကုန်ကူးမှုဖြစ်ပွားရသည့်အကြောင်းရင်းနှင့် နောက်ဆက်တွဲဆိုးကျိုးများကို ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့်သတိပြုလာစေရေးအတွက် အသိပညာပေးအစီအစဉ်များကို စီစဉ်ဆောင်ရွက်ပေးခြင်း၊

(င) လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ နှိမ်နင်းရေးတို့နှင့်စပ်လျဉ်း၍ တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များနှင့် တားဆီးနှိမ်နင်းရေးအရာရှိများအား ခေတ်မီနည်းပညာများဖြင့်လေ့ကျင့်သင်ကြားရေး၊ အခြားနိုင်ငံများမှ ကျွမ်းကျင်သူများနှင့် နည်းပညာဖလှယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက်လမ်းညွှန်ခြင်း၊

(စ) လူကုန်ကူးမှုများ လျော့နည်းပပျောက်စေရေးအတွက် ကြိုတင်ကာကွယ်ရေးစီမံချက်များ၊ အစီအစဉ်များ ချမှတ်ရာတွင် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေး အဖွဲ့အစည်းများနှင့်ဆက်သွယ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံဖြတ်ကျော်၍ တရားမဝင်ရွှေ့ပြောင်းသွားလာမှုနှင့်ဆက်စပ်ပြီး ပေါ်ပေါက်လာသည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ နှိမ်နင်းရေးတို့နှင့်စပ်လျဉ်း၍အဖွဲ့ဝင်နိုင်ငံများမှ လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေး အာဏာပိုင်များအချင်းချင်း သတင်းဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

( ဇ ) လူကုန်ကူးခံရသည့် အမျိုးသား၊ အမျိုးသမီး၊ လိင်ဝိသေသကထူးခြားသူများနှင့် ကလေးသူငယ်များ၏ ကာယိန္ဒြေစောင့်ထိန်းမှု၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာလုံခြုံမှုနှင့် ယင်းတို့၏အကျိုးအတွက် အလေးဂရုပြုဆောင်ရွက်ခြင်း၊

( ဈ ) ဤဥပဒေအရ ရန်ပုံငွေတည်ထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ည) လူကုန်ကူးမှုဆိုင်ရာကိစ္စရပ်များတွင် တရားခံလွှဲပြောင်းရေးနှင့် နိုင်ငံအချင်းချင်းအကူအညီပေးရေးတို့ကို တည်ဆဲဥပဒေနှင့်အညီဆောင်ရွက်နိုင်ရန် ပြည်တွင်းပြည်ပရှိအဖွဲ့အစည်းများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဋ ) ဤဥပဒေအရ တရားမစွဲဆိုမီသက်သေခံအဖြစ် သိမ်းဆည်းထားသော မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကို လိုအပ်ပါက ချိပ်ပိတ်ထားရန်နှင့် ခံဝန်ဖြင့်ပြန်လည်ပေးအပ်ထားရန် ညွှန်ကြားခြင်း၊

( ဌ ) ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများတွင်ရှိသော ငွေကြေး၊ ပစ္စည်း သို့မဟုတ် အခြားအကျိုးအမြတ်များကို တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရန် တားမြစ်ခြင်း၊ ငွေရေးကြေးရေးဆိုင်ရာမှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်းနှင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းပြုရန် ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊

( ဍ ) လူကုန်ကူးမှုနှင့်ဆက်စပ်ပြီး ပေါ်ပေါက်လာသော အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ငြိစွန်းသည့် ပြစ်မှုကျူးလွန်သော လူကုန်ကူးခံရသူအားစိစစ်ပြီး ၎င်းအား အရေးယူခြင်းမှ ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် အရေးယူရန် ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊

( ဎ ) လူကုန်ကူးခံရသူများကို ကာကွယ်စောင့်ရှောက်ရေး၊ လုံခြုံရေးနှင့် အကူအညီပေးရေး လုပ်ငန်းများအတွက် အစီအမံများ ချမှတ်ပေးခြင်း၊

(ဏ) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် နှိမ်နင်းရေးဆိုင်ရာ လုပ်ငန်းတာဝန်များ၊ တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းများနှင့်သက်ဆိုင်သော လိုအပ်သည့် စံလုပ်ထုံးလုပ်နည်းများ (Standard Operating Procedures–SOP) ကို ထုတ်ပြန်သတ်မှတ်ခြင်း၊

(တ) လူကုန်ကူးမှုများ တားဆီးကာကွယ်ရေးနှင့် နှိမ်နင်းရေးလုပ်ငန်းများအတွက်လည်းကောင်း၊ လူကုန်ကူးခံရသူများအား ကယ်ဆယ်ရေး၊ ပြန်လည်လက်ခံရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ အကူအညီပေးရေး၊ ပြန်လည်ထူထောင်ရေးနှင့် ၎င်းတို့အား လူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း လိုအပ်ပါက ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ထ) လူကုန်ကူးမှုကျူးလွန်သူ တရားခံများကို တရားခံ လွှဲပြောင်းရေးဥပဒေနှင့်အညီ လွှဲပြောင်းရေးအတွက် လည်းကောင်း၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဒ ) ဤဥပဒေအရ စုံစမ်းစစ်ဆေးပြီး အရေးယူသောပြစ်မှုတွင် သတင်းပေးသူနှင့် စုံစမ်းစစ်ဆေးအရေးယူမှုတွင် ထူးခြားပြောင်မြောက်စွာဆောင်ရွက်သည့် ပုဂ္ဂိုလ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆုချီးမြှင့်နိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊

( ဓ ) ဗဟိုအဖွဲ့၏ ပုံမှန်အစည်းအဝေးနှင့် အထူးအစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပခြင်း၊

( န ) ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ အခါအားလျော်စွာ အစီရင်ခံတင်ပြခြင်း၊

( ပ ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

အမိန့်အရ

နေလင်း

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း**

၁။　အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဥက္ကဋ္ဌ<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယဝန်ကြီး<br>အမျိုးသမီးရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

(တ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
သာသနာရေးဝန်ကြီးဌာန

(ထ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
အားကစားရေးရာဝန်ကြီးဌာန

( ဒ ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
လူငယ်ရေးရာဝန်ကြီးဌာန

( ဓ ) ဒုတိယဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

( န ) ကောင်စီဝင်/လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ အဖွဲ့ဝင်
နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့

( ပ ) တပ်ဖွဲ့မှူး အဖွဲ့ဝင်
သတင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့

( ဖ ) အရာရှိကြီး (၁) ဦး အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

( ဗ ) အရာရှိကြီး (၁) ဦး အဖွဲ့ဝင်
တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး

(ဘ) ရဲချုပ် အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

( မ ) ဌာနကြီးမှူး တွဲဖက်အတွင်းရေးမှူး
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

၂။ ဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် စီမံချက်များချမှတ်ခြင်း၊

( ခ ) လိုအပ်သောလုပ်ငန်းကော်မတီများနှင့် အဖွဲ့များကိုဖွဲ့စည်း၍ လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

( ဂ ) လုပ်ငန်းကော်မတီများ၊ အဖွဲ့များ၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကို ပူးပေါင်းဆောင်ရွက်ရေးအတွက် ညှိနှိုင်းပေးခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဃ) အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကိုခြိမ်းခြောက်သည့် ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများပါဝင်သည့် အဖျက်စွမ်းအားကြီးမားသော လက်နက်များအား တားဆီးကာကွယ်ရေး၊ ဖယ်ရှားရေးနှင့် ဖျက်ဆီးရေးတို့အတွက် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

( င ) ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့်ဖြစ်စေ၊ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ကြေညာချက်အရဖြစ်စေ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုတစ်ခုခုကို အကြမ်းဖက်အုပ်စု အဖြစ်လည်းကောင်း၊ သူတစ်ဦးဦးကို အကြမ်းဖက်သမားအဖြစ်လည်းကောင်း သတ်မှတ်ကြေညာခြင်းနှင့် ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

( စ ) အကြမ်းဖက်အုပ်စု သို့မဟုတ် အကြမ်းဖက်သမားက ပိုင်ဆိုင်သော သို့မဟုတ် ငှားရမ်းအသုံးပြုသော သို့မဟုတ် ထိန်းချုပ်ပျံသန်းသော လေယာဉ်များအား နိုင်ငံတော်၏ ပိုင်နက်နယ်မြေအတွင်းဆင်းသက်ခြင်း၊ ယင်းမှ ပျံတက်ထွက်ခွာခြင်းမပြုနိုင်ရေး အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဆ) အကြမ်းဖက်မှုများကို တားဆီးနှိမ်နင်းရေးနှင့် တိုက်ဖျက်ရေးတို့အတွက် ဤဥပဒေအခန်း (၁၅) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် လည်းကောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဝင် နိုင်ငံများနှင့်လည်းကောင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းဝင်နိုင်ငံများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းဝင်နိုင်ငံများနှင့် ဤဥပဒေအခန်း (၁၆) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကြမ်းဖက်သမားများကို အပြန်အလှန် လွှဲပြောင်းပေးရန် ခွင့်ပြုမိန့် ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခြင်း၊

(ဈ) ဤဥပဒေအခန်း (၁၈) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တည်ထောင်ထားရှိသော အကြမ်းဖက်မှုတားဆီး ကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေကို စီမံခန့်ခွဲခြင်းနှင့် သုံးစွဲခြင်း၊

(ည) အကြမ်းဖက်မှုများကို တားဆီးနှိမ်နင်းရာတွင်ပါဝင်ပြီး ထိရောက်စွာတားဆီးနှိမ်နင်းသည့် တပ်ဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် ပြည်သူများအား ဂုဏ်ပြုချီးမြှင့်ခြင်း၊

(ဋ) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စု၏ ကြံစည်အားထုတ်မှုကို ကြိုတင်သတင်းပေးသူ၏ လုံခြုံရေးကိုဖြစ်စေ၊ အရေးယူမှု သို့မဟုတ် တရားစွဲဆိုမှုများတွင် သတင်းပေးသူနှင့် သက်သေများ၏ လုံခြုံရေးကိုဖြစ်စေ ထိရောက်စွာ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် လိုအပ်သည့်အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ဌ) ပုဒ်မခွဲ (ဋ) အရ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာသည့်အခါ ယင်းအကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုပိုင်ပစ္စည်းများနှင့် ရန်ပုံငွေများကိုထိန်းချုပ်ရန် အမိန့်ထုတ်ပြန်ခြင်း၊

(ဍ) ပုဒ်မခွဲ (ဌ) ပါ အကြမ်းဖက်အုပ်စုပိုင်ပစ္စည်းနှင့် ရန်ပုံငွေများနှင့်စပ်လျဉ်း၍ ငွေကြေးဝန်ဆောင်မှု၊ ငွေကြေးလွှဲပြောင်းမှုတို့ကို မည်သူမျှမပြုလုပ်ရန် တားမြစ်ချက်ထုတ်ပြန်ခြင်း၊

(ဎ) ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် ဗဟိုအဖွဲ့က အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားရာမှ ပြန်လည်ရုပ်သိမ်းသည့်အခါ ပုဒ်မခွဲ (ဌ) ပါ ပစ္စည်းများနှင့် ရန်ပုံငွေများအပေါ် ထိန်းချုပ်ခြင်းအမိန့်ကို ပယ်ဖျက်ခြင်း၊

(ဏ) သဘောရိုးဖြင့် ဆောင်ရွက်ပေးသောပုဂ္ဂိုလ်၏ အကျိုးစီးပွားကိုမထိခိုက်စေရန် ကာကွယ်စောင့်ရှောက် ပေးခြင်း၊

(တ) ပုဒ်မခွဲ (ဌ) မှ ပုဒ်မခွဲ (ဏ) ထိ လုပ်ငန်းစဉ်ဆိုင်ရာမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများချမှတ်၍ တာဝန်ယူ ဆောင်ရွက်သည့်ဌာန သို့မဟုတ် တပ်ဖွဲ့၏ အကောင်အထည်ဖော်ဆောင်ရွက်မှုကို လမ်းညွှန်ကွပ်ကဲခြင်း၊

(ထ) အကြမ်းဖက်မှုကျူးလွန်ရန် သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ရန်ရည်ရွယ်ချက်ဖြင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ သို့မဟုတ် အကျိုးအမြတ်မရည်ရွယ်သော အဖွဲ့အစည်းများအား အသွင်ယူဖွဲ့စည်းခြင်း သို့မဟုတ် ငွေကြေးထောက်ပံ့ရာလမ်းကြောင်းအဖြစ် အသုံးပြုခြင်း သို့မဟုတ် လမ်းကြောင်းပြောင်းခြင်း သို့မဟုတ် ဖုံးကွယ်ခြင်းမပြုနိုင်စေရန် လိုအပ်သောလမ်းညွှန်မှုနှင့် လုပ်ထုံး လုပ်နည်းများချမှတ်ခြင်း၊

(ဒ) အကြမ်းဖက်မှုကိုဖော်ထုတ်အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၊ တားဆီးနှိမ်နင်းရေး အဖွဲ့အစည်းများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် အများပြည်သူသို့ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်းများဆောင်ရွက်ခြင်း၊

(ဓ) အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးတို့နှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ အခါအားလျော်စွာ အစီရင်ခံတင်ပြခြင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သည့် အခြားတာဝန်များကို ထမ်းဆောင်ခြင်း။

အမိန့်အရ

နေလင်း
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

**ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ၂၀၁၄ ခုနှစ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အခန်း (၄)၊ ပုဒ်မ ၆ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ **ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ (Anti Money Laundering Central Board – AMLCB)** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဥက္ကဋ္ဌ<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန<br>အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |

(ဏ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(တ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ထ) ဌာနကြီးမှူး — အဖွဲ့ဝင်
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ဒ) ရဲချုပ် — အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ဓ) တပ်ဖွဲ့မှူး — တွဲဖက်အတွင်းရေးမှူး
ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့

၂။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ မူဝါဒများ ချမှတ်ခြင်း၊ ယင်းမူဝါဒနှင့်အညီ သက်ဆိုင်ရာအစိုးရဌာနများ၊ အခြားသက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် ညှိနှိုင်းအရေးယူဆောင်ရွက်ခြင်း၊

(ခ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသား မဟာဗျူဟာချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်း၊

(ဂ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့်အန္တရာယ်ကို အကဲဖြတ်ခြင်းဆောင်ရွက်၍ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၊ သတင်းပို့အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် အန္တရာယ်ကို အခြေပြုချဉ်းကပ်ခြင်းနည်းလမ်းများအသုံးပြုလျက် ငွေကြေး ခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးစနစ်တစ်ရပ်လုံးကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီများဖွဲ့စည်း၍ တာဝန်ပေးအပ်ခြင်း၊

(ဃ) ပုဒ်မခွဲ (က) နှင့် (ခ) အရ ချမှတ်ထားသည့် အမျိုးသားမူဝါဒ၊ မဟာဗျူဟာများအကောင်အထည် ဖော်ဆောင်မှုနှင့် ပုဒ်မခွဲ (ဂ) အရ အမျိုးသားအဆင့်အန္တရာယ်ကို အကဲဖြတ်ခြင်းဆောင်ရွက်မှုကို လည်းကောင်း၊ သတင်းပို့အဖွဲ့အစည်းများ၊ အစိုးရဌာနများနှင့် အခြားဆက်စပ်အဖွဲ့အစည်းများ၏ သတင်းပို့ခြင်းဆိုင်ရာ လိုအပ်ချက်တို့ကိုလည်းကောင်း စောင့်ကြည့်စစ်ဆေးခြင်း၊

(င) သတင်းပို့အဖွဲ့အစည်းများလိုက်နာရန် အောက်ပါအချက်များကို သတ်မှတ်ပြဋ္ဌာန်းသည့် ညွှန်ကြားချက် များထုတ်ပြန်ခြင်း-

(၁) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် အန္တရာယ် အဆင့်မြင့်မားသည့်အခြေအနေမျိုးတွင် ဆက်သွယ်ဆောင်ရွက်သူအပေါ် တိုးမြှင့်အလေးထား စိစစ်ခြင်းလုပ်ငန်းစဉ်များ၊

(၂) စီးပွားဆက်ဆံဆောင်ရွက်မှုထူထောင်ပြီးနောက် သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှု တစ်ရပ်ဆောင်ရွက်ပြီးနောက် ဆက်သွယ်ဆောင်ရွက်သူအပေါ် အတည်ပြုစိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ။

(စ) ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော သတင်းအချက်အလက်များ ဖလှယ်ရေး၊ စုံစမ်းစစ်ဆေးရေး၊ အရေးယူရေးတို့နှင့်စပ်လျဉ်း၍ ကုလသမဂ္ဂကွန်ဗင်းရှင်းဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့ အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ငွေကြေးခဝါချ၍ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများ ဖွဲ့စည်း ဆောင်ရွက်ခြင်းမပြုနိုင်စေရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများအား လမ်းညွှန်ခြင်း၊

(ဇ) နိုင်ငံတော်၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင်ပါဝင်သည့် သတင်းပို့အဖွဲ့အစည်းများကဏ္ဍ၊ ဥပဒေရေးရာကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍနှင့် တားဆီးနှိမ်နင်းရေးကဏ္ဍတို့မှ ပြည်သူ့ဝန်ထမ်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအား ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာ ပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းစဉ် မူဝါဒချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(ဈ) ဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုအစိုးရ အဖွဲ့သို့ တင်ပြခြင်း။

အမိန့်အရ

နေလင်း

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ အခန်း (၃)၊ ပုဒ်မ ၄ နှင့် ၅ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် **မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

( ဍ ) ဒုတိယဝန်ကြီး　အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

( ဎ ) ဒုတိယဝန်ကြီး　အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

( ဏ ) ဒုတိယဥက္ကဋ္ဌ　အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

( ဎ ) ညွှန်ကြားရေးမှူးချုပ်　အဖွဲ့ဝင်
နိုင်ငံရေးနှင့် လုံခြုံရေးဌာနကြီး
နိုင်ငံတော်သမ္မတရုံး

(ဏ) လက်ထောက်စစ်ဦးစီးအရာရှိချုပ်　အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(တ) ဗိုလ်မှူးကြီး　အဖွဲ့ဝင်
တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(ထ) ဌာနကြီးမှူး　အဖွဲ့ဝင်
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

( ဒ ) ရဲချုပ်　အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

( ဓ ) တပ်ဖွဲ့မှူး　တွဲဖက်အတွင်းရေးမှူး
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့

၂။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟို အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မူဝါဒများချမှတ်ခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

( ခ ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂကွန်ဗင်းရှင်းဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊

( ဂ ) ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် လုပ်ငန်းအဖွဲ့များနှင့် ဒေသဆိုင်ရာအဖွဲ့များ၏ လုပ်ငန်းတာဝန်များကိုသတ်မှတ်ခြင်း၊ လိုအပ်သလိုပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဃ) သီးနှံများ အစားထိုးစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် မြေယာများ ဖော်ထုတ်ပေးရေး၊ မြေယာချထားပေးရေး၊ အထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးရေးနှင့် လိုအပ်သည့်အကူအညီများပေးရေးတို့အတွက် အစီအစဉ်များချမှတ်ဆောင်ရွက်ခြင်း၊

( င ) ဆေးဝါးသုံးစွဲသူများအား စာရင်းကောက်ယူ၍ ဆေးကုသပေးရေး၊ အသိပညာပေးရေး၊ ပညာပေး လှုံ့ဆော်ရေးနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများသုံးစွဲမှုကြောင့် ဖြစ်ပေါ် လာသည့်အန္တရာယ်လျော့ချပေးရေးတို့နှင့်စပ်လျဉ်း၍ အစီအစဉ်များချမှတ်ဆောင်ရွက်ခြင်း၊

(စ) ဆေးဝါးသုံးစွဲသူများကို ပြန်လည်ထူထောင်ပေးရေးနှင့်စပ်လျဉ်း၍ စီမံချက်များချမှတ်ပြီး စည်းရုံးလှုံ့ဆော်ခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ သင့်လျော်သော ကူညီထောက်ပံ့မှုများပေးခြင်း၊ ကောင်းမွန်သော လူနေမှုဘဝသို့ပြန်လည်ရောက်ရှိစေရန် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မှုပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်း၊

(ဆ) ဗဟိုအဖွဲ့မှချမှတ်သောလုပ်ငန်းစဉ်များ စနစ်တကျနှင့် အောင်မြင်မှု ရှိ မရှိ စိစစ်ခြင်း၊ ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ဇ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများကို သတ်မှတ်ချက်နှင့်အညီ ဖျက်ဆီးခြင်း သို့မဟုတ် ဖျက်ဆီးစေခြင်း၊

(ဈ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပါ ပြစ်မှုနှင့်သက်ဆိုင်သည့် ငွေရေးကြေးရေးဆိုင်ရာမှတ်တမ်းများကို သက်ဆိုင်ရာရှာဖွေသိမ်းဆည်းပိုင်ခွင့်ရှိသူများအား စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်ပြုရန်နှင့် သက်သေခံပစ္စည်းသိမ်းဆည်းခွင့်ပြုရန် သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား အမိန့်ထုတ်ဆင့်ညွှန်ကြားခြင်း၊

(ည) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပါ ပြစ်မှုနှင့်သက်ဆိုင်သည့် ဆက်သွယ်ရေးဆိုင်ရာမှတ်တမ်းများကို သက်ဆိုင်ရာရှာဖွေသိမ်းဆည်းပိုင်ခွင့်ရှိသူများအား စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်ပြုရန်နှင့် သက်သေခံပစ္စည်းသိမ်းဆည်းခွင့်ပြုရန် သက်ဆိုင်ရာဆက်သွယ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား အမိန့်ထုတ်ဆင့်ညွှန်ကြားခြင်း၊

(ဋ) သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ပိုင်ရှင်မပေါ်သည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများကို လိုအပ်သလိုစီမံခန့်ခွဲခြင်း၊

(ဌ) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူသောပြစ်မှုနှင့်စပ်လျဉ်း၍ ဆုငွေချီးမြှင့်ရေးအတွက် လိုအပ်သလိုစီမံခန့်ခွဲခြင်း၊

(ဍ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများ၏ အခြေအနေကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ အခါအားလျော်စွာ အစီရင်ခံခြင်း၊

(ဎ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သောလုပ်ငန်းတာဝန်များကိုဆောင်ရွက်ခြင်း၊

(ဏ) ဗဟိုအဖွဲ့၏ရန်ပုံငွေ ထူထောင်ထိန်းသိမ်းခြင်းနှင့်စီမံခန့်ခွဲခြင်းလုပ်ငန်းများကိုကြီးကြပ်ဆောင်ရွက်ခြင်း၊

(တ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများကို ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းဆိုင်ရာပြစ်မှုကျူးလွန်သူများနှင့်ပတ်သက်၍ မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများ တရားခံလွှဲပြောင်းခြင်းဆိုင်ရာကိစ္စရပ်များပေါ်ပေါက်လျှင် တရားခံလွှဲပြောင်းရေးဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊

(ထ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများကို ပြည်သူများသိရှိနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ရန် ကြီးကြပ်လမ်းညွှန်ခြင်း၊

(ဒ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်း၊ ကျန်းမာဖွံ့ဖြိုးသည့်လူမှုဘဝများ ဖြစ်ပေါ်လာစေရန် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ လူမှုအသိုင်းအဝိုင်းအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကို အားပေးကူညီခြင်းဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ကြီးကြပ်လမ်းညွှန်ခြင်း၊

(ဓ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်မည့်ဆိုးကျိုးများအား လူမှုရေးမီဒီယာများနှင့် အခြားသောသတင်းမီဒီယာများမှတစ်ဆင့် ကျောင်းအတွင်း၊ ကျောင်းပြင်ပနှင့် လုပ်ငန်းခွင်နေရာများတွင်ပါ ကျယ်ကျယ်ပြန့်ပြန့်အသိပေးဆောင်ရွက်ရန် ကြီးကြပ်လမ်းညွှန်ခြင်း၊

(န) ပြည်သူ့ကျန်းမာရေး၊ ပညာရေးနှင့် ဥပဒေအရ အကောင်အထည်ဖော်ရေးဆိုင်ရာ တာဝန်ရှိသူများ အနေဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြီးကြပ်လမ်းညွှန်ခြင်း၊

(ပ) တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အများပြည်သူသို့ အသိပေးရှင်းလင်း တင်ပြခြင်း။

အမိန့်အရ

နေလင်း
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

## ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က) အရ **ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ရဲချုပ်<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>သတင်းအချက်အလက်နှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | စစ်ဦးစီးမှူး(ပထမတန်း)<br>တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန<br>အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(၁၀) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(၁၁) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

(၁၂) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၁၃) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
အလုပ်သမားဝန်ကြီးဌာန

(၁၄) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(၁၅) ဒုတိယရဲချုပ် အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(၁၆) ရဲဦးစီးအရာရှိချုပ် တွဲဖက်အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

အမိန့်အရ

နေလင်း
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

**သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့သည် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (က) အရ **သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဗဟိုကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

(၁) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

(၂) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပို့ဆောင်ရေးဝန်ကြီးဌာန

(၃) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၄) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(၅) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(၆) ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် — အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

(၇) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၈) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၉) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၁၀) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၁၁) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

(၁၂) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သစ်တောဦးစီးဌာန

(၁၃) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

(၁၄) ရဲချုပ် — အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(၁၅) ဌာနကြီးမှူး — တွဲဖက်အတွင်းရေးမှူး
မှုခင်းနှင့် ဥပဒေရေးရာဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

အမိန့်အရ

နေလင်း
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

## နယ်ဘက်လက်နက်ကိုင်ဆောင်မှုဆိုင်ရာကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် လက်နက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က) အရ **နယ်ဘက်လက်နက်ကိုင်ဆောင်မှုဆိုင်ရာကြီးကြပ်မှုကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

(၁) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

(၂) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ကာကွယ်ရေးဝန်ကြီးဌာန

(၃) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(၄) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(၅) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

| | | |
|---|---|---|
| (၆) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူးချုပ်<br>အကျဉ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | စစ်ဦးစီးဗိုလ်မှူးကြီး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | အဖွဲ့ဝင် |
| (၁၅) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အတွင်းရေးမှူး |
| (၁၆) | ရဲဦးစီးအရာရှိချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | တွဲဖက်အတွင်းရေးမှူး |

အမိန့်အရ

နေလင်း

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

## ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် **ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဃ) အမြဲတမ်းအတွင်းဝန် ကာကွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(င) အမြဲတမ်းအတွင်းဝန် နယ်စပ်ရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်

(စ) အမြဲတမ်းအတွင်းဝန် ပညာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဆ) အမြဲတမ်းအတွင်းဝန် ပြန်ကြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဇ) အမြဲတမ်းအတွင်းဝန် သာသနာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဈ) အမြဲတမ်းအတွင်းဝန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန — အဖွဲ့ဝင်

(ည) အမြဲတမ်းအတွင်းဝန် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဋ) ညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဌ) ညွှန်ကြားရေးမှူးချုပ် အခြေခံပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန — အတွင်းရေးမှူး

၂။ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ၏ အဓိကလုပ်ငန်းတာဝန်များမှာ နှစ်စဉ် မေလ တတိယအပတ် သို့မဟုတ် ဇွန်လ ပထမအပတ်တို့တွင် ကော်မတီအစည်းအဝေးကျင်းပပြီး ယခင်နှစ် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို သုံးသပ်ခြင်း၊

(ခ) ကျောင်းသား၊ ကျောင်းသူများလက်ဝယ်သို့ ကျောင်းသုံးစာအုပ်များဖြန့်ဝေနိုင်မှုနှင့် အသင့်ပြင်ဆင်ထားရှိမှုများကို တင်ပြခြင်း၊

(ဂ) ကျောင်းများဖွင့်လှစ်ပြီးနောက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာအုပ်လက်ကျန်စာရင်းကို ပြုစုပြီး လက်ရှိပညာသင်နှစ်တွင် ကျောင်းတက်ရောက်သည့် ကျောင်းသား၊ ကျောင်းသူစာရင်းတို့ဖြင့် ချိန်ညှိ၍ ရှေ့လာမည့် ပညာသင်နှစ်အတွက် ရိုက်နှိပ်မည့် အုပ်ရေနှင့် အမှာစာများပြုစုနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဃ) အခြေခံပညာမူလတန်းဆင့်၊ အလယ်တန်းဆင့်နှင့် အထက်တန်းဆင့် အတန်းများအတွက် ကျောင်းသုံးစာအုပ်အမှာစာများအား နှစ်စဉ်ဩဂုတ်လအတွင်း အစိုးရပုံနှိပ်တိုက်များသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း၊

(င) အစိုးရပုံနှိပ်တိုက်များသို့အပ်နှံပြီးနောက် လုပ်ငန်းပမာဏများပြား၍ မဖြစ်မနေလိုအပ်မှသာ ပြင်ပပုံနှိပ်လုပ်ငန်းရှင်များသို့ တင်ဒါခေါ်ယူ၍ ဆောင်ရွက်ခြင်း၊

(စ) လျှပ်စစ်မီးပုံမှန်ရရှိရေး၊ ပို့ဆောင်ရေးကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေး စသည့်ကိစ္စရပ်များအတွက် နိုင်ငံတော်သမ္မတရုံးသို့တင်ပြခြင်းများ ဆောင်ရွက်ခြင်း။

အမိန့်အရ

နေလင်း
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၅၂/ ၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၁၅ ရက်)

## တတိယအကြိမ် လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုလွှတ်တော်နာယကသည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉ အရ တတိယအကြိမ် လွှတ်တော်သက်တမ်းအတွင်းကျင်းပပြုလုပ်မည့် လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် **တတိယအကြိမ် လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | နာယက<br>ပြည်ထောင်စုလွှတ်တော် | နာယက |
| (ခ) | ဥက္ကဋ္ဌ<br>ပြည်သူ့လွှတ်တော် | နာယက |
| (ဂ) | ဒုတိယနာယက<br>ပြည်ထောင်စုလွှတ်တော် | ဥက္ကဋ္ဌ |
| (ဃ) | ဒုတိယဥက္ကဋ္ဌ<br>ပြည်သူ့လွှတ်တော် | ဒုတိယဥက္ကဋ္ဌ |
| (င) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ဌ) | အဖွဲ့ဝင်<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | အဖွဲ့ဝင် |
| (ဍ) | ဗိုလ်မှူးချုပ် မျိုးမင်းအောင်<br>တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုလွှတ်တော်ရုံး | အတွင်းရေးမှူး |

(ဏ) ညွှန်ကြားရေးမှူးချုပ် ပြည်သူ့လွှတ်တော်ရုံး　　တွဲဖက်အတွင်းရေးမှူး(၁)

(တ) ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံး　　တွဲဖက်အတွင်းရေးမှူး(၂)

၂။ ဗဟိုကော်မတီသည် လိုအပ်သည့်လုပ်ငန်းဆိုင်ရာကော်မတီများကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃။ ဗဟိုကော်မတီ၏သက်တမ်းသည် တတိယအကြိမ်လွှတ်တော်များ၏ သက်တမ်းအတိုင်း ဖြစ်သည်။

(ပုံ) အောင်လင်းဒွေး
နာယက

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

**အမိန့်ကြော်ငြာစာအမှတ် (၁၂/ ၂၀၂၆)**

၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

(၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက်)

**ကော်မတီအဖွဲ့ဝင်များ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်သူ့လွှတ်တော်ကော်မတီများ၌ အဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ခြင်းခံရသော အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ထပ်မံဖွဲ့စည်းမည့် အခြားကော်မတီများ၌ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး တာဝန်ပေးအပ်ရန် ရှိပါသဖြင့် ၎င်းတို့၏နေရာတွင် ယှဉ်တွဲပါပုဂ္ဂိုလ်များအား အောက်ပါအတိုင်း အစားထိုးပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) **ဥပဒေကြမ်းကော်မတီ (၁) ဦး**

(၁) ဒေါက်တာ ထွန်းထွန်းဝင်း, ဆိပ်ကြီး/ ခနောင်တိုမဲဆန္ဒနယ် **အစား** ဦးကျော်မင်း, ဘုတလင်မဲဆန္ဒနယ်

(ခ) **ပြည်သူ့ငွေစာရင်းကော်မတီ (၄) ဦး**

(၁) ဦးမြတ်ကျော်, ကန့်ဘလူမဲဆန္ဒနယ် **အစား** ဦးသိန်းရီ, ထန်းတပင်မဲဆန္ဒနယ်

(၂) ဦးညွန့်ဆောင်, ရမည်းသင်းမဲဆန္ဒနယ် **အစား** ဦးအေးချမ်း, လှိုင်သာယာ(အရှေ့ပိုင်း)မဲဆန္ဒနယ်

(၃) ဒေါက်တာ ပွင့်ဆန်း, ရပ်စောက်မဲဆန္ဒနယ် **အစား** ဦးဝင်းကျော်, ဒေါပုံမဲဆန္ဒနယ်

(၄) ဒေါ်ခင်စောမူ, ကန်ကြီးထောင့်မဲဆန္ဒနယ် **အစား** ဦးမောင်မောင်စိုး, သာပေါင်းမဲဆန္ဒနယ်

(ဂ) **လွှတ်တော်အခွင့်အရေးကော်မတီ (၁) ဦး**

(၁) ဦးလှဆွေ, ပုဗ္ဗသီရိမဲဆန္ဒနယ် **အစား** စိုင်းဆမ်, မိုင်းယန်းမဲဆန္ဒနယ်

(ဃ) **အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ (၃) ဦး**

(၁) ဒေါက်တာ နန္ဒာလှမြင့်, ကလောမဲဆန္ဒနယ် **အစား** ဦးလှုဖော်, ရွာငံမဲဆန္ဒနယ်

| | | | |
|---|---|---|---|
| (၂) | ဦးတိုးဝင်း<br>တောင်သာမဲဆန္ဒနယ် | အစား | ဦးထွန်းထွန်းမိုး<br>ရေတာရှည်မဲဆန္ဒနယ် |
| (၃) | ဒေါက်တာ ထိန်ဝင်း<br>ကျောင်းကုန်းမဲဆန္ဒနယ် | အစား | ဦးအောင်မြသန်း<br>ညောင်တုန်းမဲဆန္ဒနယ် |

( င ) **နိုင်ငံတကာဆက်ဆံရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးတင့်ဝေ<br>ဒဂုံမြို့သစ် (မြောက်ပိုင်း) မဲဆန္ဒနယ် | အစား | ဦးဇန်နီ<br>ဟားခါးမဲဆန္ဒနယ် |

၂။ နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အတွင်းရေးမှူးအဖြစ် ဦးယောအေးလှ၊ နန်းယွန်းမဲဆန္ဒနယ်အား တာဝန်ပေးအပ်ပြီး ဦးစန်းမြင့်၊ မြစ်သားမဲဆန္ဒနယ်အား အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်လိုက်သည်။

(ပုံ) ခင်ရီ
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

**အမိန့်ကြော်ငြာစာအမှတ် (၁၃/ ၂၀၂၆)**

၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်
(၂၀၂၆ ခုနှစ်၊ ဇွန်လ ၅ ရက်)

**အစိုးရမဟုတ်သော ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်း**

**ဖွဲ့စည်းခြင်း**

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်တို့အရ အစိုးရမဟုတ်သော ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီကို အောက်ပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးသက်ပုံ | စစ်ကိုင်းမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| ( ခ ) | ဦးကျော်သူ | ကော့သောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဂ ) | ဦးအောင်ဝင်းဆွေ | မြန်အောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဒေါ်မော်မော်ခိုင် | ဒီးမော့ဆိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( င ) | ဦးကျော်စန်းဦး | ပုဗ္ဗန်တောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( စ ) | ဦးထွန်းထွန်းမိုး | ရေတာရှည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးကျော်ကျော်ဦး | ထန်းတပင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဇ ) | ဦးတင်ဦး | အိမ်မဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဈ ) | ဦးစိုင်းအောင်ညွန့် | မိုင်းရယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးတင်ထွန်းလွင် | ကလေးဝမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဋ ) | ဦးဝင်းဇော် | ပင်းတယမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဌ ) | ဦးစိုးသူ | ချောင်းဆုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဍ ) | ဗိုလ်မှူးကြီး ခန့်နေသွေး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ( ဎ ) | ဒုတိယဗိုလ်မှူးကြီး ထွန်းလင်းနိုင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးထွန်းလွင် | ချောင်းဦးမဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဓ) အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏ သက်တမ်း**

၃။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန်ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။

၄။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီအစည်းအဝေးများ**

၅။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

**ကော်မတီ၏ တာဝန်များ**

၆။ ကော်မတီသည်-

(က) နိုင်ငံတော်အတွင်း ဖွဲ့စည်းဆောင်ရွက်နေကြသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) နှင့် ပြည်ပအဖွဲ့အစည်းများ (INGOs) တို့နှင့်ပတ်သက်၍ သိသင့်သိထိုက်သောအခြေအနေနှင့် အရေးကြီးသောအနေအထားတို့အပေါ် မူတည်၍ လွှတ်တော်ဥက္ကဋ္ဌထံ အစီရင်ခံစာများ ပြုစုတင်ပြရမည်။

(ခ) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း၊ ပုဒ်မ ၃၅၄၊ ပုဒ်မခွဲ (ဂ) တွင် ပြဋ္ဌာန်းထားသည့် အခွင့်အရေးကို ဆောင်ရွက်ခွင့်ရရှိစေရန် အလေးထား ကူညီဆောင်ရွက်ရမည်။

(ဂ) အထက်ဖော်ပြပါ ပုဒ်မ ၃၅၄၊ ပုဒ်မခွဲ(ဂ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ရာတွင် နိုင်ငံသားများအနေဖြင့် ဆောင်ရွက်ခွင့်မရရှိခြင်း သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ရပ်အနေဖြင့် လုပ်ငန်းဆောင်ရွက်ရန် အခက်အခဲရှိခြင်းစသောကိစ္စရပ်များတွင် အခြေအနေအရပ်ရပ်အားလေ့လာ၍ သုံးသပ်ချက်၊ ထင်မြင်ယူဆချက်နှင့်တကွ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

(ဃ) အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတစ်ခုခုသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို ထိပါးစေနိုင်သည့် ဆောင်ရွက်ချက်များနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသော ဥပဒေများနှင့်ဆန့်ကျင်၍ ပြုလုပ်ဆောင်ရွက်နေမှုများကို လေ့လာတွေ့ရှိရပါက ပဏာမလေ့လာတွေ့ရှိချက်များကို လွှတ်တော်ဥက္ကဋ္ဌထံ အစီရင်ခံစာတင်ပြရမည်။

(င) အခြားနိုင်ငံလွှတ်တော်များတွင် NGOs နှင့် INGOs များနှင့်ပတ်သက်၍ ကော်မတီ၊ ကော်မရှင်၊ အဖွဲ့စသည်ဖြင့် ဖွဲ့စည်းဆောင်ရွက်ပုံများကိုလေ့လာ၍ တွေ့ရှိချက်အား လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

(စ) တရားဝင်မှတ်ပုံတင်ဖွဲ့စည်းထားသည့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များတို့၏ စာရင်းနှင့် အချက်အလက်များကို လေ့လာစုဆောင်းပြုစုရန်နှင့် အဆိုပါ အဖွဲ့အစည်း၊ အသင်းအဖွဲ့များနှင့်ဆက်သွယ်နိုင်မည့် နည်းလမ်းများ၊ လမ်းကြောင်းများဆိုင်ရာ အချက်အလက်များကိုလည်း ရယူပြုစုထားရမည်။

(ဆ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာန၊ အဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဇ) သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများမှ အခါအားလျော်စွာထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုတည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်။

(ဈ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာန၊ အဖွဲ့အစည်းများနှင့်ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများနှင့် တင်ပြချက်များကိုကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

(ည) လွှတ်တော်ဥက္ကဋ္ဌက အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ရမည်။

၇။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကို သော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသောဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီကအတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်များ**

၈။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍-

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏အစီရင်ခံစာကို သဘောတူကြောင်းလက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကိုတင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကိုဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆို တင်သွင်းရမည်။

၉။ ကော်မတီဝင်များသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကိုမဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီ အများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသောအကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

၁၀။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက် ဆက်သွယ်ပြီးဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်း အရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်း ဆွေးနွေးခြင်းနှင့် လိုအပ်သည့် အထောက်အထားများကို တင်ပြစေခြင်းပြုနိုင်သည်။

**ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၁၁။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကိုဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကိုခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်သည့် ရပိုင်ခွင့်များ ကိုလည်း ခံစားခွင့်ရှိသည်။

၁၂။ ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

( ခ ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

( ဂ ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) ခင်ရီ
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၃၆၁/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၈ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ရန်ကုန်တိုင်းဒေသကြီး၊ဒေါပုံမြို့နယ်တရားရုံးမှပထမတန်းရာဇဝတ်အာဏာရတွဲဖက်မြို့နယ်တရားသူကြီး ဦးရဲရင့်နိုင် (တ/၃၇၇၅) အား ဒေါပုံမြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီးတာဝန် ယာယီပူးတွဲထမ်းဆောင် နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

သာဌေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်)

**တင်ဒါကော်မတီများ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် အဆောက်အအုံဆောက်လုပ်ခြင်း၊ ရုံးလုပ်ငန်းသုံး စက်နှင့် စက်ပစ္စည်းများ၊ ပရိဘောဂများ ဝယ်ယူခြင်းလုပ်ငန်းများတွင် စံချိန်စံညွှန်း အရည်အသွေးပြည့်မီပြီး လိုအပ်မှုနှင့် ကိုက်ညီစေရေး

အတွက် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ တို့နှင့်အညီ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **တင်ဒါကော်မတီ**

(၁) တင်ဒါကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (ကက) | ဦးသန်းထွတ်သိန်း | အဖွဲ့ဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ဥက္ကဋ္ဌ |
| (ခခ) | ဦးညီညီလွင် | ဒုတိယညွှန်ကြားရေးမှူးချုပ် ရုံးအဖွဲ့မှူး | အဖွဲ့ဝင် |
| (ဂဂ) | ဦးအောင်မျိုးလွင် | ဒုတိယညွှန်ကြားရေးမှူးချုပ် ရွေးကောက်ပွဲဆိုင်ရာ | အဖွဲ့ဝင် |
| (ဃဃ) | ဦးသန့်ဇင်အောင် | ညွှန်ကြားရေးမှူး ရွေးကောက်ပွဲဌာန | အဖွဲ့ဝင် |
| (ငင) | ဦးစိုးမင်း | ညွှန်ကြားရေးမှူး ရွေးကောက်ပွဲခုံရုံးဌာန | အဖွဲ့ဝင် |
| (စစ) | ဦးမြတ်ထွန်းဦး | ညွှန်ကြားရေးမှူး e-Government ဌာနခွဲ | အဖွဲ့ဝင် |
| (ဆဆ) | ဦးအောင်မျိုးသန့် | ညွှန်ကြားရေးမှူး စီမံ၊ ထောက်ပံ့နှင့် ဘဏ္ဍာရေးဌာန | အဖွဲ့ဝင် |
| (ဇဇ) | ဒေါ်စန္ဒာဝင်းရွှေ | ညွှန်ကြားရေးမှူး သုတေသနနှင့် မှတ်တမ်းဌာန | အဖွဲ့ဝင် |
| (ဈဈ) | ဦးကျော်စိုးဦး | ဒုတိယညွှန်ကြားရေးမှူး ဘဏ္ဍာရေးဌာနခွဲ | အဖွဲ့ဝင် |
| (ညည) | ဦးနန္ဒနေလင်း | ဒုတိယညွှန်ကြားရေးမှူး နိုင်ငံရေးပါတီဌာနခွဲ | အဖွဲ့ဝင် |
| (ဋဋ) | ဦးအောင်သူရ | ဒုတိယညွှန်ကြားရေးမှူး ဥက္ကဋ္ဌရုံး | အဖွဲ့ဝင် |
| (ဌဌ) | ဦးရဲရင့်လွင် | ညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး |

(၂) တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကက) ကျပ် ၂၀ သန်းအောက် ဝယ်ယူခြင်းများအတွက် ကန့်သတ်မှုမရှိသော တင်ဒါနည်းလမ်းဖြင့် ဆောင်ရွက်ရန်မလိုဘဲ တင်ဒါကော်မတီအနေဖြင့် ယုံကြည်စိတ်ချရသော အနည်းဆုံး ကုမ္ပဏီ (၃) ခု ထံမှ ဈေးနှုန်းအဆိုပြုလွှာ တောင်းခံဆောင်ရွက်ခြင်း၊

(ခခ) ကျပ် ၂၀ သန်းမှ ကျပ် ၂၀၀ သန်းအထိ ဝယ်ယူခြင်းများအတွက် ကန့်သတ်မှုမရှိသော တင်ဒါခေါ်ယူရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ရုံးများ၏ ကြော်ငြာသင်ပုန်းတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၇) ရက် ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာခြင်း၊

(ဂ ဂ) ကျပ် ၂၀၀ သန်းအထက် ဝယ်ယူခြင်းများအတွက် ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစားကို ရှင်းလင်းစွာဖော်ပြပြီး ကန့်သတ်မှုမရှိသော တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် အနည်းဆုံး (၁၄) ရက် ကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး နှစ်ကြိမ် သိသာထင်ရှားစွာ ကြော်ငြာ၍ တင်ဒါခေါ်ယူရမည်။ အလားတူ ကော်မရှင်ရုံး Website တွင် အနည်းဆုံး (၁၄) ရက် ကြိုတင်ကြော်ငြာနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဃဃ) ဆောင်ရွက်မည့် ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(င င) တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(စ စ) ဝယ်ယူမည့် ပစ္စည်းများအတွက် အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ခြင်း၊

(ဆဆ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကြာနိထရိုက်စာချုပ်ပါ အချက်များ၊ အကဲဖြတ်မှုစံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်အလက်များ (ကန်ထရိုက်ဆိုင်ရာအချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း၊

(ဇ ဇ) နည်းပညာအရမြင့်မားပြီးရှုပ်ထွေးသည့်ဝယ်ယူခြင်းများအတွက်စစ်ဆေးမည့်နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသောနည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း၊

(ဈ ဈ) ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့်နည်းလမ်းများသတ်မှတ်ခြင်း၊

(ညည) တင်ဒါတင်သွင်းရမည့် အချိန်နှင့် နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့်အချိန်နှင့် နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက်သတ်မှတ်ခြင်း၊

(ဋ ဋ) တင်ဒါလုပ်ငန်းစဉ်များဖြစ်သည့် ရန်ပုံငွေခွင့်ပြုချက် ရှိမရှိစိစစ်ခြင်း၊ ဝယ်ယူရေးအစီအစဉ် ရေးဆွဲအတည်ပြုချက်ရယူခြင်း၊

(ဌ ဌ) တစ်ဦးချင်းအကြံပေးများ ရွေးချယ်ခြင်း၊ တင်ဒါအား ငြင်းပယ်ခြင်း၊ တိုင်ကြားမှုကို ဖြေရှင်းခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဍ ဍ) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေးတောင်းခံခြင်း၊

(ဎ ဎ) တင်ဒါအောင်မြင်သူအား ကြေညာခြင်း၊

(ဏဏ) နမူနာတောင်းခံရန် လိုအပ်သည့် ပစ္စည်းဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများလက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း။

(ခ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

(၁) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (ကက) | ဦးအောင်မျိုးလွင် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရွေးကောက်ပွဲဆိုင်ရာ | ဥက္ကဋ္ဌ |
| (ခခ) | ဒေါ်စန္ဒာဝင်းရွှေ | ညွှန်ကြားရေးမှူး<br>သုတေသနနှင့် မှတ်တမ်းဌာန | အဖွဲ့ဝင် |
| (ဂဂ) | ဦးမြတ်ထွန်းဦး | ညွှန်ကြားရေးမှူး<br>e-Government ဌာနခွဲ | အဖွဲ့ဝင် |
| (ဃဃ) | ဦးအောင်မျိုးသန့် | ညွှန်ကြားရေးမှူး<br>စီမံ၊ ထောက်ပံ့နှင့် ဘဏ္ဍာရေးဌာန | အဖွဲ့ဝင် |
| (ငင) | ဦးနန္ဒနေလင်း | ဒုတိယညွှန်ကြားရေးမှူး<br>နိုင်ငံရေးပါတီဌာနခွဲ | အဖွဲ့ဝင် |

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (စစ) | ဒေါ်ခင်စန်းရင် | ဒုတိယညွှန်ကြားရေးမှူး<br>ပြည်သူ့လွှတ်တော်ဌာနခွဲ | အဖွဲ့ဝင် |
| (ဆဆ) | ဦးသိန်းစိုး | ဒုတိယညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ဌာနခွဲ | အဖွဲ့ဝင် |
| (ဇဇ) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ<br>လက်ထောက်ညွှန်ကြားရေးမှူးနှင့်အထက် (၁)ဦး | | အဖွဲ့ဝင် |
| (ဈဈ) | ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်<br>စစ်ဆေးရေးဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူးနှင့် အထက် (၁)ဦး | | အဖွဲ့ဝင် |
| (ညည) | ဦးအောင်သူရ | ဒုတိယညွှန်ကြားရေးမှူး<br>ဥက္ကဋ္ဌရုံး | အတွင်းရေးမှူး |

(၂) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(ကက) တင်ဒါအဆိုပြုလွှာများ လက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(ခခ) တင်ဒါများ စိစစ်အကဲဖြတ်ခြင်း၊

(ဂဂ) တင်ဒါကော်မတီသို့တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း၊

(ဃဃ) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရမှု ရှိ မရှိ ထည့်သွင်းစဉ်းစားခြင်း၊

(ငင) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ထားခြင်း ရှိ မရှိ စိစစ်ခြင်း၊

(စစ) တင်သွင်းရန်အဆိုပြုသည့် ပစ္စည်းအမျိုးအစားများနှင့်ပတ်သက်၍ ခိုင်မာသည့် အာမခံချက် ရှိ မရှိ စိစစ်ခြင်း၊

(ဆဆ) အဆိုပြုတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် နာမည်ပျက်စာရင်း (Black List) ရှိ မရှိ စိစစ်ခြင်း၊

(ဇဇ) ပစ္စည်းအမျိုးအစားအလိုက် လက်ခံရရှိထားသည့် တင်ဒါအဆိုပြုလွှာပါ ဈေးနှုန်းအနည်းအများအလိုက် မှတ်တမ်းပြုစုထားခြင်း။

(ဂ) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

(၁) အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (ကက) | ဦးညီညီလွင် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရုံးအဖွဲ့မှူး | ဥက္ကဋ္ဌ |
| (ခခ) | ဦးသန့်ဇင်အောင် | ညွှန်ကြားရေးမှူး<br>ရွေးကောက်ပွဲဌာန | အဖွဲ့ဝင် |
| (ဂဂ) | ဦးစိုးမင်း | ညွှန်ကြားရေးမှူး<br>ရွေးကောက်ပွဲခုံရုံးဌာန | အဖွဲ့ဝင် |
| (ဃဃ) | ဦးနိုင်သူရစိုး | ဒုတိယညွှန်ကြားရေးမှူး<br>သုတေသနနှင့် မှတ်တမ်းဌာန | အဖွဲ့ဝင် |

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| ( င င ) | ဦးရဲမျိုးဦး | ဒုတိယညွှန်ကြားရေးမှူး e–Government ဌာနခွဲ | အဖွဲ့ဝင် |
| ( စ စ ) | ဦးတင့်နိုင်မောင် | ဒုတိယညွှန်ကြားရေးမှူး ထောက်ပံ့ရေးဌာနခွဲ | အဖွဲ့ဝင် |
| (ဆဆ) | ဦးအောင်သူ | ဒုတိယညွှန်ကြားရေးမှူး ရွေးကောက်ပွဲခုံရုံးဌာနခွဲ | အတွင်းရေးမှူး |

(၃) အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(ကက) ကုမ္ပဏီတွင်ပါဝင်သော အရေအတွက်နှင့် ၎င်းတို့၏ လုပ်ငန်းအတွေ့အကြုံများကို စိစစ်ခြင်း၊

( ခ ခ ) ကုမ္ပဏီ၏ စက်၊ ယာဉ်၊ ယန္တရားလက်ဝယ်ပိုင်ဆိုင်မှုအခြေအနေကို စိစစ်ခြင်း၊

( ဂ ဂ ) ကုမ္ပဏီ၏ ငွေကြေးလည်ပတ်မှုအခြေအနေများကို စိစစ်ခြင်း၊

(ဃဃ) ကုမ္ပဏီ၏ ယခင်ဆောင်ရွက်ခဲ့သော လုပ်ငန်းအတွေ့အကြုံများနှင့် အောင်မြင်မှုများကို စိစစ်ခြင်း၊

( င င ) ယခင်ဆောင်ရွက်ခဲ့သည့် ဝန်ကြီးဌာနများ၏ ထောက်ခံချက်၊ ကန့်ကွက်ချက်များနှင့် မှတ်ချက်များ ရှိ မရှိ စိစစ်ခြင်း၊

( စ စ ) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက အသိအမှတ်ပြုထားသည့် လက်ရှိကုမ္ပဏီ၏ အဆင့်အတန်းကိုစိစစ်ခြင်း၊

(ဆဆ) အရည်အသွေးစိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကိုစမ်းသပ်ခြင်း၊

( ဇ ဇ ) ဝယ်ယူရေးစာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် အချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက် များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

( ဈ ဈ ) ဝယ်ယူမည့် ဌာန၊ အဖွဲ့အစည်းကိုယ်စားပေးပို့လာသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ညည) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးခြင်း၊

( ဋ ဋ ) ပစ္စည်းအမျိုးအစားတစ်ခုချင်းအလိုက် အရည်အသွေးစိစစ်ရာတွင် ထုတ်လုပ်သည့် နိုင်ငံ၊ ထုတ်လုပ်သည့် ခုနှစ်၊ ထုတ်လုပ်သည့်ကုမ္ပဏီများအပေါ်အခြေခံ၍ စိစစ်ခြင်း၊

( ဌ ဌ ) ပစ္စည်းအမျိုးအစားအလိုက် အာမခံချက်ပေးသည့် ကာလအနည်းအများအပေါ်အခြေခံ၍ စိစစ်ခြင်း။

၂။ တင်ဒါကော်မတီသည် ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းများအားလုံးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ညှိနှိုင်းဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်ရမည်။

၃။ တင်ဒါကော်မတီသည် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ ဖြင့်ထုတ်ပြန်သည့် တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၄။ တင်ဒါကော်မတီဥက္ကဋ္ဌသည် ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ် ခြင်းကို ဆောင်ရွက်နိုင်သည်။

၅။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၉/ ၂၀၂၂ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

သန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၂၁ ရက်)

## ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်) ပုဒ်မ ၃–က၊ ပုဒ်မ ၁၇ တို့အရ နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကိုအသုံးပြု၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်ရန်နှင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊အသုံးပြုခွင့်နှင့်စပ်လျဉ်း၍တင်ပြလာသည့် ကိစ္စရပ်များအတွက်စိစစ်သုံးသပ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် **ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

(က) **ပြည်ထောင်စုနယ်မြေ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ**

| | | |
|---|---|---|
| (၁) | နေပြည်တော်ကောင်စီဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (၂) | နေပြည်တော်ကောင်စီဝင် (၁) ဦး | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးစီးအရာရှိ(ပထမတန်း) စစ်ထောက်(လုပ်ငန်း)<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၄) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးစီးဌာနမှူး<br>နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | မန်နေဂျာ<br>နေပြည်တော်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |
| (၇) | ဦးစီးဌာနမှူး<br>နေပြည်တော်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးစီးဌာနမှူး<br>နေပြည်တော်ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဦးစီးဌာနမှူး<br>နေပြည်တော်သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဦးစီးဌာနမှူး<br>နေပြည်တော်ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဦးစီးဌာနမှူး<br>နေပြည်တော်စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | ညွှန်ကြားရေးမှူး<br>သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေး<br>ဦးစီးဌာန (ရုံးချုပ်) မှ ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၁၄) | ဦးစီးဌာနမှူး<br>နေပြည်တော်သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၅) | ဒေသခံတိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များ<br>တောင်သူလယ်သမားကိုယ်စားလှယ်များ<br>အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းကိုယ်စားလှယ်များ<br>သင့်လျော်သည့်ပညာရှင်များ | အဖွဲ့ဝင်များ |
| (၁၆) | ဦးစီးဌာနမှူး<br>နေပြည်တော်မြေစာရင်းဦးစီးဌာန | အတွင်းရေးမှူး |

( ခ ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ဝန်ကြီးချုပ်<br>တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး<br>တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးစီးအရာရှိ (ပထမတန်း) စစ်ထောက် (လုပ်ငန်း)<br>တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၄) | တိုင်းဒေသကြီး/ ပြည်နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | တိုင်းဒေသကြီး/ ပြည်နယ်မန်နေဂျာ<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |
| (၇) | တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူး<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူး<br>ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူး<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူး<br>သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူး<br>တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၄) | တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူး<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၅) | ဒေသခံတိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များ<br>တောင်သူလယ်သမားကိုယ်စားလှယ်များ<br>အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းကိုယ်စားလှယ်များ<br>သင့်လျော်သည့်ပညာရှင်များ | အဖွဲ့ဝင်များ |

(၁၆) တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူး အတွင်းရေးမှူး
တိုင်းဒေသကြီး/ ပြည်နယ်မြေစာရင်းဦးစီးဌာန

၂။ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဧက ၃၀၀ ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေးလုပ်ငန်းတွင် နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံနှင့် စက်မှုကုန်ကြမ်း ရာသီသီးနှံတို့အတွက်လည်းကောင်း၊ ဧက ၅၀ ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို မွေးမြူရေးလုပ်ငန်းအတွက်လည်းကောင်း တည်ဆဲဥပဒေများနှင့်အညီ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ထံ သဘောထားမှတ်ချက်ရယူ၍ စိစစ်ခြင်း၊ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

( ခ ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားသော ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ခြင်း၊ သဘောထားမှတ်ချက်ပြုခြင်း၊ လုပ်ငန်းစာတွဲများကို ဦးစီးဌာနများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန် ပေးပို့ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

( ဂ ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ထံ သဘောထားမှတ်ချက် တင်ပြတောင်းခံခြင်း၊

(ဃ) စိုက်ပျိုးရေးလုပ်ငန်းတွင် ဧက ၃၀၀ အထက် လျှောက်ထားသည့်ကိစ္စရပ်နှင့် မွေးမြူရေးလုပ်ငန်းတွင် ဧက ၅၀ အထက် လျှောက်ထားသည့်ကိစ္စရပ်များအတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ ဆက်လက်တင်ပြခြင်း၊

( င ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်အရ ဗဟိုကော်မတီက တာဝန်ပေးအပ်လာပါက ကွင်းဆင်းစိစစ်ဆောင်ရွက်ခြင်း၊

( စ ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိသော အခြားအခြေအနေကြောင့်သော်လည်းကောင်း ကုန်လွန်သွားသည့်အချိန်အတွက် သတ်မှတ်ထားသော ဖော်ထုတ်လုပ်ကိုင်အသုံးပြုရမည့်ကာလ တိုးမြှင့်ပေးစေလိုကြောင်း ဖော်ထုတ်ခွင့်ပြုကာလမကုန်ဆုံးမီတင်ပြလာပါက ကွင်းဆင်းစစ်ဆေး၍ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ ဆက်လက်တင်ပြခြင်း၊

(ဆ) ယခင်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား မူလခွင့်ပြုထားသည့် ကာလထက်ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင်အသုံးပြုခြင်းမရှိသေးသဖြင့် ပြန်လည်သိမ်းယူရမည့်ကိစ္စရပ်များတွင် ဗဟိုကော်မတီ၏ညွှန်ကြားချက်အတိုင်း ကွင်းဆင်းစိစစ်၍ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ ပြန်လည်တင်ပြခြင်း၊

( ဇ ) လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား လုပ်ငန်းအမှန်တကယ် ဖော်ထုတ်လုပ်ကိုင်ပြီးစီးမှုအခြေအနေကို ဗဟိုကော်မတီက တာဝန်ပေးအပ်လာပါက ကွင်းဆင်းစစ်ဆေးတင်ပြခြင်း၊

( ဈ ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ အာမခံကြေးပေးသွင်းခြင်းနှင့် အာမခံကြေးပြန်လည်ထုတ်ပေးခြင်းဆိုင်ရာကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ည) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် မြေခွန်စည်းကြပ်ခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

( ဋ ) ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို ပြန်လည်ရယူခြင်းအတွက် လျော်ကြေးပေးရန် ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

( ဌ ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၃။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၅ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

မင်းနောင်
ဥက္ကဋ္ဌ
မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်
(၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်)

**လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့် ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ လယ်ယာမြေနှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် နိုင်ငံသားအားလုံး တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို လက်တွေ့ လိုက်နာကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လယ်ယာမြေဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ) တို့အရ **လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်** ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန် ပေးအပ်လိုက်သည်-

(က) **နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

| | | |
|---|---|---|
| (၁) | နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (၂) | နေပြည်တော်ကောင်စီဝင်၊ အဖွဲ့ဝင် (၁) | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးစီးအရာရှိ(ပထမတန်း)စစ်ထောက်(လုပ်ငန်း)<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၄) | နေပြည်တော်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | နေပြည်တော်ဦးစီးဌာနမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | နေပြည်တော်ဦးစီးဌာနမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | နေပြည်တော်ဦးစီးဌာနမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | နေပြည်တော်ဦးစီးဌာနမှူး<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | နေပြည်တော်ဦးစီးဌာနမှူး<br>ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | နေပြည်တော်ဦးစီးဌာနမှူး<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | နေပြည်တော်ဦးစီးဌာနမှူး<br>ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန | အတွင်းရေးမှူး |

( ၁ ) **တိုင်းဒေသကြီး/ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

| | | |
|---|---|---|
| (၁) | ဝန်ကြီးချုပ်<br>တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး<br>တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (၃) | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး<br>တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၄) | တိုင်းစစ်ဌာနချုပ်များမှဦးစီးအရာရှိ (ပထမတန်း)<br>စစ်ထောက် (လုပ်ငန်း) | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီး/ ပြည်နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူး<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူး<br>ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူး<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူး<br>ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန | အတွင်းရေးမှူး |

( ဂ ) **ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

| | | |
|---|---|---|
| (၁) | ခရိုင်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ခရိုင်ဦးစီးဌာနမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ခရိုင်ဦးစီးဌာနမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ခရိုင်ဦးစီးဌာနမှူး<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ခရိုင်ဦးစီးဌာနမှူး<br>ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |

(၆) ခရိုင်ဦးစီးဌာနမှူး — အဖွဲ့ဝင်
သစ်တောဦးစီးဌာန

(၇) ခရိုင်ဦးစီးဌာနမှူး — အတွင်းရေးမှူး
ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန

(ဃ) **မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

(၁) မြို့နယ်အုပ်ချုပ်ရေးမှူး — ဥက္ကဋ္ဌ
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၂) မြို့နယ်ဦးစီးဌာနမှူး — အဖွဲ့ဝင်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(၃) မြို့နယ်ဦးစီးဌာနမှူး — အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန

(၄) မြို့နယ်ဦးစီးဌာနမှူး — အဖွဲ့ဝင်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

(၅) မြို့နယ်ဦးစီးဌာနမှူး — အဖွဲ့ဝင်
ငါးလုပ်ငန်းဦးစီးဌာန

(၆) မြို့နယ်ဦးစီးဌာနမှူး — အဖွဲ့ဝင်
သစ်တောဦးစီးဌာန

(၇) တောင်သူလယ်သမားကိုယ်စားလှယ် (၅) ဦး — အဖွဲ့ဝင်

(၈) မြို့နယ်ဦးစီးဌာနမှူး — အတွင်းရေးမှူး
ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန

(င) **ရပ်ကွက်/ ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

(၁) ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး — ဥက္ကဋ္ဌ

(၂) ရပ်ကွက်/ ကျေးရွာရပ်မိရပ်ဖ (၂) ဦး — အဖွဲ့ဝင်

(၃) တောင်သူလယ်သမားကိုယ်စားလှယ် (၃) ဦး — အဖွဲ့ဝင်

(၄) ရပ်ကွက်/ ကျေးရွာအုပ်စုစာရေးဝန်ထမ်း — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၅) ရပ်ကွက်/ ကျေးရွာအုပ်စုမြေတိုင်းစာရေး — အတွင်းရေးမှူး
ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန

(သစ်တောဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ရပ်ကွက်/ကျေးရွာအုပ်စုများတွင် တာဝန်ခံများရှိခဲ့ပါက အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းရန်)

၂။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၅ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

မင်းနောင်
ဥက္ကဋ္ဌ
ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၁၂/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၁၅ ရက်)

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အောက်ဖော်ပြပါ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) (၂) ဦးတို့အား လုပ်ငန်းလိုအပ်ချက်အရ ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ နေရာများသို့ တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| စဉ် | အမည် | လက်ရှိနေရာ | ပြောင်းရွှေ့တာဝန်ချထားမည့်နေရာ |
|---|---|---|---|
| က | ဦးမျိုးကျော်အောင် | ရုံးချုပ် (ယာဉ်မှတ်ပုံတင်ဌာန) | တိုင်းဒေသကြီးရုံး (ရန်ကုန်) |
| ခ | ဒေါ်သိင်္ဂီတိုး | ရုံးချုပ် (စီမံရေးရာဌာန) | တိုင်းဒေသကြီးရုံး (မန္တလေး) |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၁၃/၂၀၂၆)**

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးရုံး (ရန်ကုန်) မှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးသိန်းထွဋ်အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ ၈၁ ပါ ပြဋ္ဌာန်းချက်အရ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၆ ခုနှစ်၊ မေလ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၁၄/၂၀၂၆)**

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးရုံး (မန္တလေး) မှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးအောင်ကျော်မိုး အား နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ ၈၁ ပါ ပြဋ္ဌာန်းချက်အရ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ကို ၂၀၂၆ ခုနှစ်၊ မေလ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

မြထွန်းဦး

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပို့ဆောင်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၂၂ ရက်)

၂၀၂၆ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၆) နှင့် ၂၀၂၆ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၆) ၏ သဘောတူခွင့်ပြုချက်ဖြင့် ဝန်ကြီးရုံးမှ အောက်ဖော်ပြပါအရာထမ်းများအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသည့် ရာထူး၊ ဌာနများအတိုင်း ၂၀၂၆ ခုနှစ်၊ မေလ ၂၂ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| **စဉ်** | **အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန** | **တိုးမြှင့်ခန့်ထားမည့်ရာထူး၊ လစာနှုန်း၊ ဌာန** |
|---|---|---|
| (က) | ဦးအောင်သူရ<br>ဦးစီးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>မူဝါဒ၊ ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မူဝါဒ၊ ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ |
| (ခ) | ဒေါ်ကေသီမျိုးမြင့်<br>ဦးစီးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ် စီမံခန့်ခွဲမှုဌာနခွဲ | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဦးစီးရုံးအဖွဲ့ |
| (ဂ) | ဒေါ်ဟယ်ရီကြီးမောင်<br>စာရင်းကိုင် - ၁<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ | ဦးစီးအရာရှိ (ဘဏ္ဍာရေး)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ |
| (ဃ) | ဒေါ်စုလှိုင်ထွေး<br>စာရင်းကိုင် - ၁<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ | ဦးစီးအရာရှိ (ဘဏ္ဍာရေး)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ |

မြထွန်းဦး

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကာကွယ်ရေးဝန်ကြီးဌာန**

**စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၃/ ၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၈ ရက်)

**ပြည်ပအလုပ်အကိုင် ခန့်အပ်ပေးနိုင်ရေးလုပ်ငန်းကော်မတီဖွဲ့စည်းခြင်း**

၁။ စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးအတွက် **ပြည်ပအလုပ်အကိုင် ခန့်အပ်ပေးနိုင်ရေးလုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်<br>စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူး<br>ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ပြည်ပအလုပ်အကိုင် ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမြဲတမ်းစစ်မှုထမ်းများနှင့် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးသော ပြည်သူ့စစ်မှုထမ်းများကို နုတ်ထွက်ခွင့်ပြုချိန်တွင် ၎င်းတို့ဆန္ဒပြုသည့်အလုပ်များတွင် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(ခ) အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများကို တက်ရောက်သင်ကြားလျက်ရှိသော အမြဲတမ်းစစ်မှုထမ်းများနှင့် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးသော ပြည်သူ့စစ်မှုထမ်းများသင်တန်းဆင်းချိန်တွင် ၎င်းတို့ဆန္ဒပြုသော အလုပ်အကိုင်များကို လုပ်ထုံးလုပ်နည်း၊ သတ်မှတ်ချက်များနှင့်အညီ ခန့်ထားပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရန်၊

(ဂ) အမြဲတမ်းစစ်မှုထမ်းများနှင့် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးသော ပြည်သူ့စစ်မှုထမ်းများ အနေဖြင့် ၎င်းတို့၏ဆန္ဒနှင့်အညီ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နိုင်ရေး မြန်မာနိုင်ငံ ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းနှင့် ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရအေဂျင်စီများဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်သွယ်ဆောင်ရွက်ပေးရန်၊

(ဃ) ထိုသို့ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နိုင်ရေးအတွက် အလုပ်ရှင်နှင့် အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုခြင်း၊ အလုပ်လုပ်ကိုင်မည့် နိုင်ငံအလိုက် ပြည်ပ အလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်းများ တက်ရောက်ခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမား သက်သေခံကတ် (OWIC) ပြုလုပ်ပေးခြင်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်သွယ် ဆောင်ရွက်ပေးရန်၊

(င) ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရာတွင် ဂုဏ်သိက္ခာရှိပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် အေဂျင်စီများရွေးချယ်ပြီး သွားရောက်အလုပ်လုပ်ကိုင်မည့် အမြဲတမ်းစစ်မှုထမ်းများနှင့် တာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးသော ပြည်သူ့စစ်မှုထမ်းများအတွက် ဝန်ဆောင်ခသက်သာစေရေး သို့မဟုတ် အလုပ်ရှင်၏ကုန်ကျစရိတ်ဖြင့် သွားရောက်အလုပ်လုပ်ကိုင်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးရန်။

ဗိုလ်ချုပ်ကြီး ထွန်းအောင်
ဥက္ကဋ္ဌ
စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂၄၂/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
(၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက်)

(၂၀) ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲကို ၁၃-၅-၂၀၂၆ ရက်နေ့မှ ၁၉-၅-၂၀၂၆ ရက်နေ့အထိ ရန်ကုန်မြို့၊ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ခန်းမ၌ အိမ်ရှင်အဖြစ် လက်ခံယှဉ်ပြိုင်ကစားသွားမည်ဖြစ်ရာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၈ နိုင်ငံမှ ပြိုင်ပွဲဝင်အားကစား သမား ၁၀၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားသမားများ၊ ဒိုင်လူကြီး များနှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် အမှတ် (၈၁/၈၃)၊ (၈) မိုင်စင်တာ၊ ပြည်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်ရှိ Hotel Yangon တွင် တည်းခိုနေထိုင်ကြမည်ဖြစ်သဖြင့် မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ခန်းမနှင့် ၎င်းတို့တည်းခိုမည့် Hotel Yangon တို့တွင် ၁၃-၅-၂၀၂၆ ရက်နေ့မှ ၁၉-၅-၂၀၂၆ ရက်နေ့ အထိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ပြိုင်ပွဲဝင်နိုင်ငံအလံများအား လွှင့်ထူပြသခြင်းကို ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေပုဒ်မ ၅ ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ယင်းအက်ဥပဒေပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၀၄/၂၀၂၆)**

နေပြည်တော်၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်
(၂၀၂၆ ခုနှစ်၊ မေလ ၇ ရက်)

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး (ညွှန်ကြားရေးမှူး) ဦးကံထူး (ပ/၃၆၁၂) အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ အရ အငြိမ်းစား မယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၆ ခုနှစ်၊ မေလ ၂၁ ရက်နေ့မှ စက်တင်ဘာလ ၂၀ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၄၀၅/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၈ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ခရမ်းမြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၇၈၉ᵃ/ ရေတွင်းချောင်အရှေ့)၊ ဦးပိုင်အမှတ် (M/၃) ရှိ **မြေဧရိယာ ၀.၁၆ ဧက** အား **ခရမ်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ပြန်လည် အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၀၆/၂၀၂၆)

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ခရမ်းမြို့၊ အမှတ် (၂) ရပ်ကွက်၊ အကွက်အမှတ်/ အမည်(၂ᵃ/ ဈေးပိုင်းကွက်)၊ ဦးပိုင်အမှတ် (၅၄/၁) ရှိ **မြေဧရိယာ ၀.၁၇၃ ဧက** အား **ခရမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြန်ကြားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြန်ကြားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၀၇/၂၀၂၆)

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည်(၆၆၉/ သဲဖြူကွင်း)၊ ဦးပိုင်အမှတ် (၂၀) ရှိ **မြေဧရိယာ ၄.၀၀ ဧက** အား **ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည် အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၀၈/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၁၁ ရက်)

မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ မုတ္တမကျေးရွာအုပ်စု၊ အကွက်အမှတ်နှင့် အမည် (၁၃/ ဇေတဝန်ကွက်သစ်)၊ ဦးပိုင်အမှတ် (၇၆) ရှိ **ကျိုက်မလှိုင်ဘုန်းတော်ကြီးကျောင်း** မူလသာသနာမြေ **ဧရိယာ ၃.၀၃၆ ဧက** အနက်မှ **၀.၀၃၈ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာ ဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများနည်းဥပဒေ ၅၂ နှင့်အညီ ဒေါ်နှင်းနှင်းဝေ [၁၀/ ပမန(နိုင်) ၁၉၅၉၉၃] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၁၀/၂၀၂၆)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်၊ ကွင်းအမှတ်နှင့်အမည် (၇၇၈/သောတာပန်)၊ ဦးပိုင်အမှတ်(၆၄)ရှိ **မဟာဗောဓိချောင်** မူလသာသနာမြေ **ဧရိယာ ၂.၄၀ ဧက** အနက်မှ **၀.၀၃၂ ဧက** အား ဗုဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ ဒေါ်ခိုင်မေဦး [၁/ကမန (နိုင်) ၀၄၀၈၅၄] အား ဗုဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၁၁/၂၀၂၆)

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ခန္တီးမြို့၊ ဇီးဖြူကုန်းရပ်ကွက်၊ အကွက်အမှတ်/အမည် (၃/ဇီးဖြူကုန်း)၊ ဦးပိုင်အမှတ် (၃၉) ရှိ **မြေဧရိယာ ၀.၄၀၁ ဧက** အား **ခန္တီးခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၁၆/၂၀၂၆)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၆ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုခဲ့သည့် အောက်ဖော်ပြပါ အရာရှိ (၆) ဦးအား ၂၀၂၆ ခုနှစ်၊ မေလ ၇ ရက်နေ့မှစ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်လိုက်သည်-

(၁) ကြည်း ၄၁၈၀၆ ဗိုလ်မှူး စစ်မင်းအောင်
အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) အရန်အင်အားစာရင်းတွဲ

(၂) ကြည်း ၄၄၇၃၂ ဗိုလ်မှူး အောင်ကြည်မြင့်
အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) အရန်အင်အားစာရင်းတွဲ

(၃) ကြည်း ၄၃၅၇၀ ဗိုလ်မှူး ဝင်းသူစိုး
အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) အရန်အင်အားစာရင်းတွဲ

(၄) ကြည်း ၄၄၄၀၆ ဗိုလ်မှူး ကျော်ဇေယျာထွန်း
အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) အရန်အင်အားစာရင်းတွဲ

(၅) ကြည်း ၄၆၈၂၈ ဗိုလ်မှူး အောင်မြင့်
အမှတ် (၃၃၉) ခြေမြန်တပ်ရင်း
တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) တွဲ

(၆) ကြည်း ၄၆၅၄၅ ဗိုလ်မှူး ဇော်လင်း
အမှတ် (၂၁၁) ခြေမြန်တပ်ရင်း

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၁၇/၂၀၂၆)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၆ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုခဲ့သည့် အောက်ဖော်ပြပါ အရာရှိ (၇) ဦးအား ၂၀၂၆ ခုနှစ်၊ မေလ ၇ ရက်နေ့မှစ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်လိုက်သည်-

(၁) ကြည်း ၆၅၇၀၂ ဗိုလ်ကြီး ချစ်ဝင်း
တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အမှတ် (၃၂၈) အမြောက်တပ်ရင်းတွဲ

(၂) ကြည်း ၅၈၂၄၄ ဗိုလ်ကြီး မျိုးသူရထွန်း
အမှတ် (၄) စစ်အခြေခံလေ့ကျင့်ရေးတပ်

(၃) ကြည်း ၆၁၉၁၀ ဗိုလ်ကြီး နေထွန်းလင်း
အမှတ် (၂၅၄) ခြေလျင်တပ်ရင်း

(၄) ကြည်း ၆၇၂၉၉ ဗိုလ်ကြီး နေဝင်းထွန်း
တြိဂံဒေသတိုင်းစစ်ဌာနချုပ်

(၅) ကြည်း ၆၇၃၈၉ ဗိုလ်ကြီး သန်းစိုးလင်း
အမှတ် (၇၀၈) လေထီးတပ်ရင်း

(၆) ကြည်း ၇၆၇၁၃ ဗိုလ်ကြီး သန့်စင်ဦး
အမှတ်(၂၆၉)ခြေလျင်တပ်ရင်း

(၇) ကြည်း ၇၇၈၄၁ ဗိုလ်ကြီး စိုင်းကိုမောင်
အမှတ် (၁၁၃) ခြေမြန်တပ်ရင်း

ဒုတိယဗိုလ်ချုပ်ကြီး ညွှန့်ဝင်းဆွေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၂၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်)

## တင်ဒါကော်မတီ ဖွဲ့စည်းခြင်း

၁။ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန (ရင်းနှီး/ စီးပွား) ၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများအတွက် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ တို့တွင်ပါရှိသည့် တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော တင်ဒါကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ဒုတိယဝန်ကြီး
အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခ) ညွှန်ကြားရေးမှူးချုပ်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(ဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ပြည်ထောင်စုဝန်ကြီးရုံး
အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(င) ဒုတိယအမြဲတမ်းအတွင်းဝန် — တွဲဖက်အတွင်းရေးမှူး
ပြည်ထောင်စုဝန်ကြီးရုံး
အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

၂။ တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဆောင်ရွက်မည့် စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(ခ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့် တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(ဂ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ခြင်း၊

(ဃ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကန်ထရိုက်ပါ အချက်များ၊ အကဲဖြတ်မှု စံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေး အချက်အလက်များ (ကန်ထရိုက်ဆိုင်ရာ အချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှု အစီအစဉ်၊ အခွန် စသည်များ) သတ်မှတ်ခြင်း၊

(င) နည်းပညာအရမြင့်မားပြီး ရှုပ်ထွေးသည့်ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့် နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသောနည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန် ပေးအပ်ခြင်း၊

(စ) တင်ဒါတင်သွင်းရမည့် အချိန်နှင့် နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်နှင့် နေရာ၊ တင်ဒါအောင်မြင်သူ စာရင်း ထုတ်ပြန်မည့်နေ့ရက် သတ်မှတ်ခြင်း၊

(ဆ) "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" ကို တာဝန်ပေးအပ်ခြင်း၊

(ဇ) တင်ဒါမအောင်မြင်သူအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူများ ထံမှ လုပ်ငန်းအာမခံကြေး တောင်းခံခြင်း၊

(ဈ) တင်ဒါအောင်မြင်သူအား ကြေညာခြင်း၊

(ည) နမူနာတောင်းခံရန် လိုအပ်သည့် ပစ္စည်းဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများလက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(ဋ) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအတွက် အနိမ့်ဆုံး ကြမ်းခင်းဈေးနှုန်းသတ်မှတ်ခြင်း။

၃။ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီနှင့် အရည်အသွေး စစ်ဆေးရေးနှင့် လက်ခံရေးကော်မတီတို့ကို ဌာနများအလိုက် ဆက်လက်ဖွဲ့စည်း တာဝန်ပေးအပ်ပါမည်။ ကော်မတီများအနေဖြင့် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ တို့တွင်ပါရှိသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၄။ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၂၅ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အောင်ကျော်ဟိုး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၈၅/ ၂၀၂၆)**

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၂၁ ရက်)

**မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ဒါရိုက်တာအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ၂၀၁၆ ခုနှစ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၇၄ အရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အောက်ရှိမြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ စီမံခန့်ခွဲမှုကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲခြင်း၊ မူဝါဒပိုင်းဆိုင်ရာ ကိစ္စရပ်များဆုံးဖြတ်ခြင်းနှင့် ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် **မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ဒါရိုက်တာအဖွဲ့** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်း လိုက်သည်-

| | | |
|---|---|---|
| (က) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | ဥက္ကဋ္ဌ |
| (ခ) | အထွေထွေမန်နေဂျာ (၁)<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | အဖွဲ့ဝင် |
| (ဂ) | အထွေထွေမန်နေဂျာ (၂)<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | အဖွဲ့ဝင် |
| (ဃ) | အထွေထွေမန်နေဂျာ (၃)<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | အဖွဲ့ဝင် |
| (င) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယအထွေထွေမန်နေဂျာ (စီမံရေးရာဌာန)<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | အတွင်းရေးမှူး |

၂။ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့၏ ညွှန်ကြားချက်များနှင့်အညီ လိုအပ်သည့်မူဝါဒများချမှတ်၍ ဘဏ်၏ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲခြင်း၊ ဌာနတွင်းထိန်းချုပ်ကွပ်ကဲမှုစနစ် များနှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်းနှင့် သုံးသပ်ခြင်းလုပ်ငန်းများကို ကြပ်မတ်ခြင်း၊

(ခ) ဘဏ်လုပ်ငန်းဆိုင်ရာ ထုတ်ပြန်ထားသည့်ဥပဒေများ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များကို လိုက်နာမှု ရှိ မရှိ စိစစ်ခြင်းနှင့် သုံးသပ်ခြင်း၊

(ဂ) ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ၊ မတည်ရင်းနှီးငွေလုံလောက်မှုနှင့် ငွေရေးကြေးရေးအားကောင်းခိုင်မာမှု အခြေအနေများ၊ အရေးကြီးသောဝန်ထမ်းရေးရာဆိုင်ရာ ဆုံးဖြတ်ချက်များ၊ လုပ်ငန်းဖွဲ့စည်းပုံနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာများ၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် လိုက်နာဆောင်ရွက်မှုများကို ကြပ်မတ်ခြင်းနှင့် သုံးသပ်ခြင်း၊

(ဃ) ဘဏ်၏လုပ်ငန်းရည်ရွယ်ချက်များနှင့် မဟာဗျူဟာတိုးတက်မှုအခြေအနေကို စောင့်ကြပ်ကြည့်ရှုခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်မှုကိုစောင့်ကြည့်စစ်ဆေးခြင်း၊ဘဏ်တည်နေရာ၊ဘဏ်၏အရွယ်အစား၊ ဘဏ်လုပ်ငန်းအမျိုးအစားနှင့် လုပ်ငန်းခက်ခဲရှုပ်ထွေးမှုအခြေအနေများ၊ ဈေးကွက်အနေအထားနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်ချက်များကို အခါအားလျော်စွာ သုံးသပ်ဆွေးနွေးခြင်း၊

(င) ဘဏ်၏ ဆုံးရှုံးနိုင်ခြေမူဝါဒနှင့် ဆုံးရှုံးခံနိုင်မှုအတိုင်းအတာတို့ကို သတ်မှတ်ထားရှိခြင်း၊ ယင်းအပေါ် ဘဏ်၏ထိန်းသိမ်းလိုက်နာမှု အခြေအနေတို့အား စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အကြံပြုခြင်း၊

(စ) နှစ်စဉ်နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို အတည်ပြုခြင်းနှင့် စာရင်းစစ်အစီရင်ခံစာများကို သုံးသပ်ခြင်း၊ လိုအပ်သည်များကိုလမ်းညွှန်ခြင်း။

၃။ ဒါရိုက်တာအဖွဲ့သည် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၇၅၊ ပုဒ်မခွဲ (က) ပါ ကော်မတီများ၊ ဆပ်ကော်မတီများကိုဖွဲ့စည်းနိုင်ပြီး ယင်းတို့၏လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်နိုင်သည်။

၄။ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဒါရိုက်တာအဖွဲ့အစည်းအဝေးအား အနည်းဆုံးတစ်လတစ်ကြိမ် ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေးခေါ်ယူနိုင်သည်။

၅။ ယခင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၆ ရက်စွဲပါ ရုံးတွင်းအမိန့်ကြော်ငြာစာ အမှတ် ၄၁/၂၀၂၅ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာ ကံဇော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၂၆)

နေပြည်တော်၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၂၆ ခုနှစ်၊ မေလ ၄ ရက်)

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများ၏ အုပ်ချုပ်မှု ဆိုင်ရာကိစ္စရပ်များ၊ စီမံရေးရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ငွေစာရင်းဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်ကိစ္စရပ်များ၊ တိုင်းရင်းသား လူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ၊ နည်းဥပဒေများပါ အခွင့်အရေးများ ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်နိုင်ရန် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၃၉/၂၀၂၅ အရ ဖွဲ့စည်းထားသည့် **တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
| --- | --- | --- |
| (ခ) | ဒုတိယဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဇ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

သန်းမောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဥပဒေရေးရာဝန်ကြီးဌာန

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၁၅ ရက်)

အမှတ် ၈၈။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၆ ခုနှစ်၊ မေလ ၄ ရက်စွဲပါ အမိန့်အမှတ် ၅၂/၂၀၂၆ ဖြင့် ဥပဒေဘာသာပြန်ကော်မရှင်တွင် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးချက်အရ ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးဝင်း (ဥ/၂၁၉၉) အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ ၂၀၂၆ ခုနှစ်၊ မေလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်ပင်စင်ခံစားခွင့်ပြုလိုက်သည်။

ဥပဒေရေးရာဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၄ ဖြင့် ထုတ်ပြန်ခဲ့သောစာအား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါ်အေးဝင်း အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၉၈၆ ခုနှစ်၊ ဧပြီလ ၂၅ ရက်စွဲပါ စာအမှတ် စဘ-၁/ ၃၁ (၇၆၃/၈၆) အရ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် ၂ လနှင့် ၁၃ ရက်အတွက် ခွင့်လစာများကို တစ်လုံးတစ်ခဲတည်း ထုတ်ယူခွင့်ပြုလိုက်သည်။

ဒေါက်တာ သီတာဦး
ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဥပဒေရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၅ ရက်)

**ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်းခြင်း**

၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ အခန်း (၆)၊ ပုဒ်မ (၁၉) အရလည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများ အခန်း(၆)၊ နည်းဥပဒေ (၂၃) နှင့် (၂၄) အရလည်းကောင်း ဗီဒီယိုလုပ်ငန်းများ စိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ် သက်တမ်းရှိသော အောက်ဖော်ပြပါ ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီများကို ပြင်ဆင်ဖွဲ့စည်း လိုက်သည်–

(က) **နေပြည်တော်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ဦးတိုးဝင်း<br>အတွင်းရေးမှူး<br>နေပြည်တော်ကောင်စီ | ဥက္ကဋ္ဌ |
| (၂) | ရဲမှူးကြီး ဇော်မင်းဦး<br>တပ်ဖွဲ့မှူး<br>နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (၃) | ဦးမြင့်ထွန်း<br>ညွှန်ကြားရေးမှူး<br>နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးသက်ဆိုင်အောင်<br>ညွှန်ကြားရေးမှူး<br>နေပြည်တော်ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါက်တာ ကိုကိုမြတ်<br>ညွှန်ကြားရေးမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၆) | ဦးရဲကိုဦး<br>ဥက္ကဋ္ဌ<br>နေပြည်တော်ဗီဒီယိုအခြေခံအဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဒေါ်သင်းသင်းဇင်<br>ညွှန်ကြားရေးမှူး<br>နေပြည်တော်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အတွင်းရေးမှူး |

(ခ) **ကချင်ပြည်နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ဦးခင်မောင်လွင်<br>အတွင်းရေးမှူး<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | ရဲမှူးကြီး မျိုးဆွေ<br>ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (၃) | ဦးသန်းဆွေ<br>ညွှန်ကြားရေးမှူး<br>ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |

(၄) ဦးမြင့်နိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ကချင်ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန

(၅) ဦးကျော်လင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

(၆) JZ ဒေါင်လွဏ်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ
ကချင်ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲ

(၇) ဒေါ်မာလာဝင်း — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
ကချင်ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

**(ဂ) ကယားပြည်နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

(၁) ဦးကျော်စွာထွန်း — ဥက္ကဋ္ဌ
အတွင်းရေးမှူး
ကယားပြည်နယ်အစိုးရအဖွဲ့

(၂) ရဲမှူးကြီး ဥက္ကာကို — အဖွဲ့ဝင်
တပ်ဖွဲ့မှူး
ကယားပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး

(၃) ဦးကျော်အောင်ဆန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၄) ဦးစောကျော်ကျော်ထူး — အဖွဲ့ဝင်
ပြည်နယ်ဦးစီးမှူး
ကယားပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန

(၅) ဦးစောနေခလီး — အဖွဲ့ဝင်
ပြည်နယ်အမှုဆောင်အရာရှိ
ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့

(၆) ဦးအောင်ကျော်ဆန်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ
ကယားပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲ

(၇) ဒေါ်ချို့နွယ်ဌေးဝင်း — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (တာဝန်ပေး)
ကယားပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

**(ဃ) ကရင်ပြည်နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

(၁) ဦးမင်းရွှေ — ဥက္ကဋ္ဌ
အတွင်းရေးမှူး
ကရင်ပြည်နယ်အစိုးရအဖွဲ့

(၂) ရဲမှူးကြီး မောင်မောင်ဦး — အဖွဲ့ဝင်
ပြည်နယ်ရဲတပ်ဖွဲ့မှူး
ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး

(၃) ဦးအောင်ကျော်ထွန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး

(၄) ဦးဇော်မြတ်မင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ကရင်ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန

(၅) သူရဦးမြင့်သူ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

(၆) ဦးကြည်ဖေဦး — အဖွဲ့ဝင်
ဥက္ကဋ္ဌ
ကရင်ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲ

(၇) ဦးမောင်မောင် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
ကရင်ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

( င ) **ချင်းပြည်နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

(၁) ဦးဇော်ဝင်းဌေး — ဥက္ကဋ္ဌ
အတွင်းရေးမှူး
ချင်းပြည်နယ်အစိုးရအဖွဲ့

(၂) ရဲမှူးကြီး မောင်မောင်အေး — အဖွဲ့ဝင်
ပြည်နယ်ရဲတပ်ဖွဲ့မှူး
ချင်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး

(၃) ဦးမင်းဆွေ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၄) ဦးစိန်နွယ် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ချင်းပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန

(၅) ဆလိုင်းလွန်ဆဝုန် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့

(၆) ဦးကျုံနှင်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ
ချင်းပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲ

(၇) ဦးခမ်လျန်ဆုမ်း — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
ချင်းပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

( စ ) **တနင်္သာရီတိုင်းဒေသကြီးဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

(၁) ဦးအောင်ချို — ဥက္ကဋ္ဌ
အတွင်းရေးမှူး
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

(၂) ရဲမှူးကြီး မြင့်ထွန်း — အဖွဲ့ဝင်
တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး
တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး

(၃) ဦးဝင်းလှိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
တနင်္သာရီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၄) သူရဦးထင်ကျော်မိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
တနင်္သာရီတိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန

(၅) ဦးသက်လွင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့

(၆) ဦးကျော်ထွန်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ
တနင်္သာရီတိုင်းဒေသကြီးဗီဒီယိုအခြေခံအဖွဲ့ခွဲ

(၇) ဒေါ်ယဉ်ယဉ်နု — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး(တာဝန်ပေး)
တနင်္သာရီတိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

**(ဆ) ပဲခူးတိုင်းဒေသကြီးဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

(၁) ဗိုလ်မှူးကြီး ညီလန်းချို — ဥက္ကဋ္ဌ
လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

(၂) ရဲမှူးကြီး တင်မျိုးထူး — အဖွဲ့ဝင်
တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး
ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး

(၃) ဦးမင်းအောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၄) ဦးကျော်ဟိုးလှိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပဲခူးတိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန

(၅) ဦးထင်အောင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့

(၆) ဦးအောင်မြင့်သန်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ
ပဲခူးတိုင်းဒေသကြီးဗီဒီယိုအခြေခံအဖွဲ့ခွဲ

(၇) ဒေါ်ကြင်ကြင်သန်း — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
ပဲခူးတိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

**(ဇ) မကွေးတိုင်းဒေသကြီးဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

(၁) ဦးတင်မောင်ဆွေ — ဥက္ကဋ္ဌ
အတွင်းရေးမှူး
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

(၂) ရဲမှူးကြီး သက်လွင် — အဖွဲ့ဝင်
တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး
မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး

(၃) ဦးနေဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မကွေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၄) ဦးကျော်အောင်မိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မကွေးတိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန

(၅) ဦးကျော်သူ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့

(၆) ဦးဝင်းဇော် — အဖွဲ့ဝင်
ဥက္ကဋ္ဌ
မကွေးတိုင်းဒေသကြီးဗီဒီယိုအခြေခံအဖွဲ့ခွဲ

(၇) ဦးလှကျော်ဦး — အတွင်းရေးမှူး
ဌာနခွဲမှူး (တာဝန်ခံ)
မကွေးတိုင်းဒေသကြီးရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန

**(ဈ) မန္တလေးတိုင်းဒေသကြီးဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

(၁) ဦးဝေဇင်ထွန်း — ဥက္ကဋ္ဌ
အတွင်းရေးမှူး
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

(၂) ယာယီရဲမှူးချုပ် ကျော်စိုးဝင်း — အဖွဲ့ဝင်
တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး
မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး

(၃) ဦးဝင်းမောင် — အဖွဲ့ဝင်
အတွင်းရေးမှူး
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(၄) ဦးစိုးဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၅) ဦးတက်ထွန်းအောင် — အဖွဲ့ဝင်
တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး
မန္တလေးတိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန

(၆) ဦးမင်းအောင်မြင့်စိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့

(၇) ဦးစောလင်းထင် — အဖွဲ့ဝင်
ဥက္ကဋ္ဌ
မန္တလေးတိုင်းဒေသကြီးဗီဒီယိုအခြေခံအဖွဲ့ခွဲ

(၈) ဒေါ်ဝေဝေဖြိုး — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

**(ည) မွန်ပြည်နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

(၁) ဦးဉာဏ်လင်းထွေး — ဥက္ကဋ္ဌ
အတွင်းရေးမှူး
မွန်ပြည်နယ်အစိုးရအဖွဲ့

(၂) ရဲမှူးကြီး ထွန်းအောင်ကျော် — အဖွဲ့ဝင်
ပြည်နယ်ရဲတပ်ဖွဲ့မှူး
မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး

(၃) ဒေါ်အေးအေးခိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၄) ဦးဂျွန်စိန်ဂီ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မွန်ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန

(၅) ဦးတင်ကိုကို — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

(၆) ဦးမောင်မောင် — အဖွဲ့ဝင်
ဥက္ကဋ္ဌ
မွန်ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲ

(၇) ဦးလှမျိုးအောင် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
မွန်ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

**( ဋ ) ဧရာဝတီတိုင်းဒေသကြီးဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

(၁) ဦးလှိုင်စိုးသန့် — ဥက္ကဋ္ဌ
အတွင်းရေးမှူး
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

(၂) ရဲမှူးကြီး ကျော်ထွန်း — အဖွဲ့ဝင်
တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး
ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး

(၃) ဦးသန့်ဇော်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ဧရာဝတီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၄) ဦးညီညီလှိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ဧရာဝတီတိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန

(၅) ဦးအောင်ကျော်စိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ဧရာဝတီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့

(၆) ဦးသိန်းထွန်းဝင်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ
ဧရာဝတီတိုင်းဒေသကြီးဗီဒီယိုအခြေခံအဖွဲ့ခွဲ

(၇) ဒေါ်ဖြူဖြူရည် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
ဧရာဝတီတိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ထိန်လင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်)

**ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုမြှင့်တင်ရေးကော်မတီဖွဲ့စည်းခြင်း**

**ဖွဲ့စည်းခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၃ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ တို့အရ တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုမြှင့်တင်ရေး ကော်မတီကို အောက်ပါလွှတ်တော်ကိုယ်စားလှယ် (၁၁) ဦးဖြင့် ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဒေါ်စန်းစန်းဝင်း | မဲဆန္ဒနယ်အမှတ် (၂) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာ တင်အောင်ခိုင် | မဲဆန္ဒနယ်အမှတ်(၁)၊ ဒဂုံမြို့နယ် | အဖွဲ့ဝင် |
| (ဂ) | ဒေါ်ရီရီတင် | ဗဟန်းမြို့နယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဒေါ်ဝင်းဝင်းအောင် | မြောက်ဥက္ကလာပမြို့နယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးချစ်ကိုကို | ရန်ကင်းမြို့နယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးစိုးမိုးအောင် | လှိုင်မြို့နယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးကျော်လင်း | မဲဆန္ဒနယ်အမှတ်(၁)၊ ကမာရွတ်မြို့နယ် | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဗိုလ်မှူးကြီး တင်မျိုးလတ် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဈ) | ဗိုလ်မှူး ဆန်းမောင်မောင်မြင့် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ည) | ဗိုလ်ကြီး ဒေါ်ခင်ရတနာလှိုင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဋ) | ဦးအောင်မိုးကျော် | ဗိုလ်တထောင်မြို့နယ်မဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီအစည်းအဝေးများ**

၃။ ကော်မတီအစည်းအဝေးများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါအတိုင်းကျင်းပရမည်-

(က) ခန့်အပ်ထားသော ကော်မတီဝင်စုစုပေါင်းဦးရေ၏ ထက်ဝက်ထက်မနည်း တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်။

(ခ) အပိုဒ်ခွဲ (က) အရ တက်ရောက်ရမည့် ကော်မတီဝင်ဦးရေမပြည့်လျှင် ပြည့်သည်အထိ ကော်မတီဥက္ကဋ္ဌက အစည်းအဝေးအချိန်ကို ရွှေ့ဆိုင်းထားနိုင်သည် သို့မဟုတ် အစည်းအဝေးကို နောက်တစ်ရက်သို့ ရွှေ့ဆိုင်းထားနိုင်သည်။

(ဂ) ကော်မတီဥက္ကဋ္ဌသည် အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ကော်မတီ၏ဥက္ကဋ္ဌမရှိလျှင် ကော်မတီဝင်များက မိမိတို့ထဲမှ ရွေးကောက်တင်မြှောက်သော ကော်မတီဝင်သည် အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(ဃ) မဲဆန္ဒယူရာ၌ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် သဘာပတိသည် ဆန္ဒမဲမပေးရ။ ဆန္ဒမဲတူညီနေလျှင် ကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် သဘာပတိသည် အနိုင်မဲပေးရမည်။

## ကော်မတီ၏တာဝန်များ

၄။ တာဝန်များမှာ-

(က) ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုမြှင့်တင်ရေးတို့ကို ကူညီဆောင်ရွက်ပေးရန်၊

(ခ) ပညာရေးစနစ် ပိုမိုကောင်းမွန်ရေးအတွက် ပညာရေးမြှင့်တင်မှုဆိုင်ရာ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးကို ကူညီဆောင်ရွက်ပေးရန်၊

(ဂ) ဘက်စုံအတွေးအခေါ်အယူအဆ မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်ကို ဖော်ဆောင်ရေးတွင် ကူညီဆောင်ရွက်ပေးရန်၊

(ဃ) ကလေးတိုင်း အခြေခံပညာရေးကို ပြီးမြောက်ရန်နှင့် ဆက်လက်ပညာသင်ကြားနိုင်ရေးကို ကူညီဆောင်ရွက်ပေးရန်၊

(င) ကျောင်းသူ၊ ကျောင်းသားများ၏ ဗလငါးတန်ဖွံ့ဖြိုးရေးကို ကူညီဆောင်ရွက်ပေးရန်၊

(စ) သင်ကြားရေးအဆောက်အအုံ၊ သင်ကြားမှုသင်ယူမှု အထောက်အကူပစ္စည်းများနှင့် ဆရာ/ဆရာမများ ပြည့်စုံလုံလောက်ရေးကိုလည်း ကူညီဆောင်ရွက်ပေးရန်၊

(ဆ) ဆရာ/ဆရာမများ၏ လူနေမှုဘဝ အဆင်ပြေချောမွေ့ရေးကို ကူညီဆောင်ရွက်ပေးရန်၊

(ဇ) ပညာသင်ကြားရေးဆိုင်ရာ သုတေသနလုပ်ငန်းများ အကြံပြုရေးကို ကူညီဆောင်ရွက်ပေးရန်၊

(ဈ) ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးရန်၊

(ည) ပြည်သူတို့၏ ဆေးကုသမှုစရိတ်သက်သာစေရေးအတွက် ကျန်းမာရေးအာမခံစနစ်နှင့် အခြားအစီအမံများကို ချမှတ်အကောင်အထည်ဖော်နိုင်ရေး ကူညီဆောင်ရွက်ပေးရန်၊

(ဋ) အဓိကအားဖြင့် အသက်ကယ်ဆေးဝါးများ လုံလောက်ရေးနှင့် ကုသမှုဆိုင်ရာ ပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်မှုရှိစေရေး ကူညီဆောင်ရွက်ပေးရန်၊

(ဌ) ပတ်ဝန်းကျင်ကျန်းမာရေး၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ကပ်ရောဂါများကို ထိရောက်စွာ ကာကွယ်ထိန်းချုပ်ရေးတို့ကို လေ့လာသုံးသပ်အကြံပြုပေးရန်၊

(ဍ) ကျန်းမာရေးသတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် ပိုမိုကောင်းမွန်စေရေး ကူညီဆောင်ရွက်ပေးရန်၊

(ဎ) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ သုတေသနများဆောင်ရွက်နိုင်ရေး ကူညီဆောင်ရွက်ပေးရန်၊

(ဏ) မြန်မာ့ယဉ်ကျေးမှုနှင့် အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေးတို့ကို ကူညီဆောင်ရွက်ပေးရန်။

၅။ ကော်မတီတွင် ဆွေးနွေးဆုံးဖြတ်ပြီးပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၄ နှင့်အညီ ကော်မတီ၏ အစီရင်ခံစာကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံသို့ အောက်ပါအတိုင်းတင်ပြရမည်-

(က) ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာမူကြမ်းကိုပြုစု၍ ကော်မတီအစည်းအဝေးတွင် တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏ အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် သို့မဟုတ် သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာမူကြမ်းကို ကော်မတီကသဘောတူလျှင် ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ နည်းဥပဒေ ၁၁၁ ပါအတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

(ဃ) ကော်မတီဥက္ကဋ္ဌမရှိလျှင် သဘာပတိတာဝန်ထမ်းဆောင်သော ကော်မတီဝင်က လက်မှတ်ရေးထိုးတင်ပြနိုင်သည်။

၆။ ကော်မတီကစိစစ်ပေးရန်လိုအပ်သော ကိစ္စများနှင့်စပ်လျဉ်း၍ ကော်မတီသည်-

(က) လွှတ်တော်၏ဆုံးဖြတ်ချက်အရ လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ ပြန်လည်တင်ပြရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏တင်ပြချက်အရ စိစစ်ရန်လိုအပ်သည်ဟု လွှတ်တော်ကဆုံးဖြတ်၍ လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင်လိုအပ်သလိုစိစစ်ပြီး ကော်မတီ၏တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ပြန်လည်တင်ပြရမည်။

၇။ ကော်မတီသည် လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် နှစ်ပတ်လည်အစီရင်ခံစာကို ကော်မတီသက်တမ်း တစ်နှစ်ပြည့်မည့်ကာလနှင့် အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေးသို့ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် တင်ပြရမည်။

၈။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကို သော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ တိုင်းဒေသကြီးလွှတ်တော်သို့တင်သွင်းသော အစီရင်ခံစာများကို လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

၉။ ကော်မတီသည် တိုင်းဒေသကြီးလွှတ်တော်ကဖြစ်စေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကဖြစ်စေ အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ရမည်။

၁၀။ ကော်မတီသည် လွှတ်တော်ကိုတာဝန်ခံရမည်။ လွှတ်တော်အစည်းအဝေးကျင်းပချိန်မဟုတ်လျှင် လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၁၁။ ကော်မတီဝင်များသည် မိမိကော်မတီ၏လုပ်ငန်းများကို အသေးစိတ်ဆွေးနွေးစဉ်းစားရာ၌ တိုင်းဒေသကြီးလွှတ်တော်တွင် ဆွေးနွေးစဉ်းစားသည့်နည်းလမ်းအတိုင်း ဆွေးနွေးစဉ်းစားရမည်။ သို့ရာတွင်−

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို။

(ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

(ဂ) ကော်မတီသည် လုပ်ငန်းကိစ္စများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ဖိတ်ကြား၍ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများ တင်ပြစေခြင်းပြုနိုင်သည်။

(ဃ) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ သက်သေထွက်ဆိုချက်သည် သို့မဟုတ် စာရွက်စာတမ်းများ၊ မှတ်တမ်းများသည် ကော်မတီ၏ အလုပ်ဝတ္တရားဆောင်ရွက်ရာတွင် သက်ဆိုင်သည်၊ မသက်ဆိုင်သည်ဟူသော ပြဿနာပေါ်ပေါက်လာပါက အဆိုပါပြဿနာကို အဆုံးအဖြတ်ပေးရန် ကော်မတီဥက္ကဋ္ဌက လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်သည်။ လွှတ်တော်ဥက္ကဋ္ဌကချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။ သို့ရာတွင် နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ နိုင်ငံတော်၏အကျိုးကိုဖြစ်စေ ထိခိုက်နစ်နာဖွယ်ရာရှိသည်ဟူသော အကြောင်းပြချက်ဖြင့် တိုင်းဒေသကြီးအစိုးရက စာရွက်စာတမ်း၊ မှတ်တမ်းတစ်ရပ်ရပ်ကို ကော်မတီသို့ ထုတ်ဖော်ပြောဆိုတင်ပြရန် ငြင်းဆိုနိုင်သည်။

၁၂။ ကော်မတီသည် ကော်မတီလုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ စိစစ်နိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်း လိုအပ်သည့်နေရာများသို့ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် သွားရောက်ကွင်းဆင်းကြည့်ရှုနိုင်သည်။ ထိုသို့ကွင်းဆင်းကြည့်ရှုပြီး လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြရမည်။

၁၃။ ကော်မတီသည် ကော်မတီလုပ်ငန်းများနှင့်စပ်လျဉ်း၍−

(က) နိုင်ငံတော်၊ တိုင်းဒေသကြီးနှင့် ပြည်သူတို့အား အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ခ) ပြည်သူများနှင့် သက်ဆိုင်ရာကျွမ်းကျင်သူများ၏ ဥပဒေအရ အကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ဂ) လုပ်ငန်းဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးနေမှုအပေါ် ပြင်ဆင်ရန်လိုအပ်ပါက သုံးသပ်ချက်နှင့်အတူ အကြံပြုချက်များကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

၁၄။ ကော်မတီဝင်များသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီအများဆုံးနှစ်ခုအထိသာ ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီ၏ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၁၅။ ကော်မတီဝင်များသည် ကော်မတီ၏လုပ်ငန်းတာဝန်ကိုဆောင်ရွက်ရန် သို့မဟုတ် ကော်မတီ၏ အစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာနေရာတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်သည့် ရပိုင်ခွင့်များကိုခံစားခွင့်ရှိသည်။

၁၆။ ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေမှအပ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူ ခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိ ပါက ဖမ်းဆီးခံရခြင်းနှင့် တရားရုံးတစ်ခုခုတို့က သက်သေအဖြစ်ဆင့်ခေါ်ခံရခြင်းတို့မှ ကင်းလွတ်ခွင့် ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

**ကော်မတီ၏သက်တမ်း**

၁၇။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန် ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုး နိုင်သည်။

၁၈။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

**ကော်မတီအဖွဲ့ဝင်ဦးရေကို တိုးခြင်း၊ လျှော့ခြင်းနှင့် ပြင်ဆင်ဖွဲ့စည်းခြင်း**

၁၉။ ကော်မတီအဖွဲ့ဝင်ဦးရေကို တိုးခြင်း၊ လျှော့ခြင်းနှင့် ပြင်ဆင်ဖွဲ့စည်းခြင်းများအတွက် လွှတ်တော် ဥက္ကဋ္ဌသည်-

(က) လွှတ်တော်အစည်းအဝေးကျင်းပသည့် ကာလဖြစ်ပါက လွှတ်တော်၏အတည်ပြုချက်ဖြင့် ဆောင်ရွက် နိုင်သည်။

(ခ) လွှတ်တော်အစည်းအဝေး ရပ်နားထားစဉ်ကာလဖြစ်ပါက လိုအပ်သလိုဆောင်ရွက်ပြီး အနီးကပ်ဆုံး ကျင်းပသည့် လွှတ်တော်အစည်းအဝေးတွင် အတည်ပြုချက်ရယူရမည်။

ဌေးအောင်
ဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၂ ရက်<br>(၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
### အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၆)

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၄ ရက်
(၂၀၂၆ ခုနှစ်၊ မေလ ၁၉ ရက်)

အာကာသသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ဥက္ကဋ္ဌ၏ ကိုယ်ရေးအရာရှိအဖြစ် ဦးမြတ်ထန်လင်း (ဘ) ဦးကျော်စိန်လင်း [နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ၈/ စလန (နိုင်) ၀၈၇၃၅၂] အား ဦးစီးအရာရှိ အမြင့်ဆုံးလစာ ၂၉၅,၀၀၀/– ဖြင့် ၂၀၂၆ ခုနှစ်၊ မေလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

နေလင်း
အမြဲတမ်းအတွင်းဝန်

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၂၆ ခုနှစ်၊ မေလ ၄ ရက်)

အမှတ် ၁၆၉/၂၀၂၆။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | | |
|---|---|---|---|
| (၁) | တင့်လွင် | ကြည်း ၈၂၁၅၅ | ၁–၅–၂၀၂၆ |
| (၂) | အေးမင်း | ကြည်း ၈၂၁၅၆ | ၂–၅–၂၀၂၆ |
| (၃) | ကျော်ကျော်ဦး | ကြည်း ၈၂၁၅၇ | ၃–၅–၂၀၂၆ |
| (၄) | မြင့်အောင် | ကြည်း ၈၂၁၅၈ | ၃–၅–၂၀၂၆ |
| (၅) | ယဉ်ငွေး | ကြည်း ၈၂၁၅၉ | ၄–၅–၂၀၂၆ |

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်
(၂၀၂၆ ခုနှစ်၊ မေလ ၆ ရက်)

အမှတ် ၁၉၂/၂၀၂၆။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်စွဲပါ စာအမှတ်၊ ၆ / ၁၀ / ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၆ ခုနှစ်၊ မေလ ၆ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

(၁) မျိုးသိန်း ကြည်း ၈၂၁၆၀
(၂) မင်းကြွယ် ကြည်း ၈၂၁၆၁

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်
(၂၀၂၆ ခုနှစ်၊ မေလ ၇ ရက်)

အမှတ် ၂၀၅/၂၀၂၆။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်စွဲပါ စာအမှတ်၊ ၆ / ၁၀ / ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၆ ခုနှစ်၊ မေလ ၇ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

သန်းဇော်ဦး ကြည်း ၈၂၁၆၂

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်
(၂၀၂၆ ခုနှစ်၊ မေလ ၈ ရက်)

အမှတ် ၂၀၉/၂၀၂၆။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်စွဲပါ စာအမှတ်၊ ၆ / ၁၀ / ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၆ ခုနှစ်၊ မေလ ၈ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

ထွန်းမြိုင် ကြည်း ၈၂၁၆၃

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်
(၂၀၂၆ ခုနှစ်၊ မေလ ၁၁ ရက်)

အမှတ် ၂၁၀/၂၀၂၆။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်စွဲပါ စာအမှတ်၊ ၆ / ၁၀ / ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၆ ခုနှစ်၊ မေလ ၁၀ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

(၁) သန်းဇော် ကြည်း ၈၂၁၆၄
(၂) စောနိုင် ကြည်း ၈၂၁၆၆

အမှတ် ၂၁၁/၂၀၂၆။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်စွဲပါ စာအမှတ်၊ ၇ / ၁၀ / ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၆ ခုနှစ်၊ မေလ ၁၀ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

ကျော်ကျော်ဦး ကြည်း ၈၂၁၆၅

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၂ ရက် (၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

### ပြည်ထောင်စုရာထူးဝန်အဖွဲ့
### လျှောက်လွှာခေါ်ယူခြင်း
### ကြော်ငြာစာအမှတ် (၂/၂၀၂၆)

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၂၉ ရက်)

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးအမှတ်(၁၇)၊ နေပြည်တော်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ (ရန်ကုန်ရုံးခွဲ)၊ အမှတ်(၆၅)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ် သို့မဟုတ် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ လျှောက်လွှာဝယ်ယူ၍ ၂၉-၆-၂၀၂၆ ရက်နေ့ နောက်ဆုံးထားပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့ လူကိုယ်တိုင် သို့မဟုတ် စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားနိုင်ပါသည်−

(က) **ပို့ဆောင်ရေးဝန်ကြီးဌာန**

| ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| မြန်မာ့မီးရထား | ဆရာဝန် | ၃ နေရာ | ဆေးပညာဘွဲ့ (M.B.,B.S) |

(ခ) **ကျန်းမာရေးဝန်ကြီးဌာန**

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| (၁) | ကုသရေးဦးစီးဌာန | ဆရာဝန်(သစ်လွင်) | ၁၂၇ နေရာ | ဆေးပညာဘွဲ့ (M.B.,B.S) |
| | | ဆရာဝန် (သွားနှင့် ခံတွင်း) | ၄၂ နေရာ | သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့ (B.D.S) |

| စဉ် | ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|---|
| (၂) | အစားအသောက်နှင့် ဆေးဝါး | ဦးစီးအရာရှိ (အစားအသောက်) | ၆ နေရာ | ဆေးပညာဘွဲ့ (M.B.,B.S) |
| | ကွပ်ကဲရေး | ဦးစီးအရာရှိ(ဆေးဝါး) | ၃ နေရာ | ဆေးပညာဘွဲ့ (M.B.,B.S) |
| | ဦးစီးဌာန | ဦးစီးအရာရှိ (ဆေးပစ္စည်း/ အလှကုန်) | ၄ နေရာ | ဆေးပညာဘွဲ့ (M.B.,B.S) |
| | | ဦးစီးအရာရှိ(ဓာတ်ခွဲ) | ၂ နေရာ | ဆေးပညာဘွဲ့ (M.B.,B.S) |

(ဂ) **နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| ဆရာဝန် | ၁၄ နေရာ | ဆေးပညာဘွဲ့ (M.B.,B.S) |
| ဌာနစုမှူး/ဦးစီးအရာရှိ(ဆရာဝန်) | ၁ နေရာ | ဆေးပညာဘွဲ့ (M.B.,B.S) |

၂။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနအတွက် လျှောက်ထားသူများသည် **၂၉-၆-၂၀၂၆** ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ် **အသက် (၃၅) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်**။

(ဂ) နေပြည်တော်စည်ပင်သာယာရေးကော်မတီအတွက် လျှောက်ထားသူများသည် **၂၉-၆-၂၀၂၆** ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ် **အသက် (၃၅) နှစ် [ဝန်ထမ်းဖြစ်ပါက အသက် (၄၀) နှစ်] ထက် မကျော်လွန်သူဖြစ်ရမည်**။

(ဃ) ဆေးပညာဘွဲ့ (M.B.,B.S)၊ သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ (B.D.S) နှင့် မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုခြင်းခံရသည့် သက်တမ်းကုန်ဆုံးခြင်းမရှိသေးသည့် အထွေထွေဆေးကုသခွင့်လိုင်စင် (ဆမ/သခ) ကိုင်ဆောင်ထားသူ သို့မဟုတ် အလုပ်သင်ဆရာဝန်ပြီးမြောက်သူများအနေဖြင့် လျှောက်ထားချိန်တွင် အလုပ်သင်ဆရာဝန်ပြီးမြောက်ကြောင်း ထောက်ခံစာတင်ပြနိုင်သူဖြစ်ရမည် ဖြစ်ပြီး မိတ္တူများကို လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရမည်။

(င) ကုသရေးဦးစီးဌာန၊ ဆရာဝန် (သစ်လွင်/သွားနှင့် ခံတွင်း) ရာထူးအတွက် လျှောက်ထားသူများသည်–

- စတင်တာဝန်ထမ်းဆောင်သည့် ဆေးရုံတွင် သတ်မှတ်ကာလပြည့်အောင် တာဝန်ထမ်းဆောင်ပြီးပါက အခြားလုပ်ငန်းလိုအပ်ချက်ရှိသော ဆေးရုံများသို့ နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- ဆေးပညာမဟာသိပ္ပံဘွဲ့လွန်စာမေးပွဲဖြေဆိုခွင့်ကို ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်သက်သတ်မှတ်ချက်နှင့်အညီ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်။

(စ) အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဦးစီးအရာရှိ (အစားအသောက်/ ဆေးဝါး/ ဆေးပစ္စည်း/ အလှကုန်/ ဓာတ်ခွဲ) ရာထူးများအတွက် လျှောက်ထားသူများသည်–

- အသားတင်လုပ်သက် (၃) နှစ်ပြည့်အောင် နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- လုပ်သက် (၃) နှစ်ကာလအတွင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် သက်ဆိုင်သော ဆေးပညာမဟာသိပ္ပံဘွဲ့လွန်စာမေးပွဲကိုသာ ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်သက်သတ်မှတ်ချက်နှင့်အညီ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး ဆေးပညာမဟာသိပ္ပံဘွဲ့ သင်တန်းအောင်မြင်ပြီးနောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် အနည်းဆုံး လုပ်သက် (၃) နှစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဆ) **ကြော်ငြာပါလစ်လပ်ရာထူးများအတွက် လျှောက်ထားသူများအနက် ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပုံစံ (၁၂) ရရှိပြီးသူများသည် သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ဌာနမှ သတ်မှတ်အသက်ထက် (၃) နှစ်တိုးမြှင့်၍ လက်ခံပေးမည်ဖြစ်ပါသည်။**

(ဇ) ကျန်းမာရေးဝန်ကြီးဌာနအတွက် အလုပ်သင်ဆရာဝန်ပြီးမြောက်ကြောင်းထောက်ခံစာဖြင့် လျှောက်ထားသူများသည် အလုပ်ခန့်အပ်ခြင်းခံရပြီး စတင်တာဝန်ထမ်းဆောင်ကြောင်း သတင်းပို့ချိန်တွင် (ဆမ/သခ) ထုတ်ပေးရန် ထောက်ခံချက်ပေးမည်ဖြစ်ပါသည်။

(ဈ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ အထက်စာပိုဒ် (၁) ပါ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနအတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၁၀ နည်းဥပဒေခွဲ (ဇ) အရ ရာထူးမှထုတ်ပယ်ခံရသူများ လျှောက်ထားလာပါက လက်ခံရယူလိုခြင်းမရှိပါကြောင်းနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီအတွက် ရာထူးမှထုတ်ပယ်ခံရသူများ လျှောက်ထားလာပါက လက်ခံရယူလိုခြင်းရှိပါကြောင်း ဖော်ပြထားရှိပါသည်။

**၄။ ကြော်ငြာပါရာထူးအတွက် ရွေးချယ်ခြင်းခံရပါက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်သည့် အရာထမ်းလောင်း (အထူး) သင်တန်းများသို့ လတ်တလောတွင် တက်ရောက်စေခြင်းမပြုသေးဘဲ သက်ဆိုင်ရာဝန်ကြီးဌာနမှ နိုင်ငံ့ဝန်ထမ်းသစ်များအဖြစ် ဦးစွာခန့်အပ်တာဝန်ပေးအပ်သွားမည်ဖြစ်ပါသည်။**

၅။ လျှောက်လွှာတင်သွင်းလိုသူများသည် မိမိတို့နှင့်သက်ဆိုင်သော ကိုယ်ရေးအချက်အလက်များကို **မှန်ကန်စွာဖြည့်သွင်း၍ အချိန်မီလျှောက်ထားရမည်။ လျှောက်လွှာတွင် ဖြည့်သွင်းရမည့်အချက်အလက်များကို လိမ်လည်တင်ပြခြင်း၊ ထိမ်ချန်ထားခြင်းနှင့် မရိုးသားမှုတစ်ခုခုဖြင့် လျှောက်ထားခြင်း၊ ဖြေဆိုခြင်းတို့ကိုစိစစ်တွေ့ရှိရပါက ပြန်တမ်းဝင်အရာရှိအဆင့် ရေးဖြေစာမေးပွဲဖြေဆိုခွင့်ပယ်ဖျက်ခြင်း၊ ရွေးချယ်ခံရသည့်တိုင် ရွေးချယ်သူများ၏အမည်စာရင်းမှ ပယ်ဖျက်ခြင်းခံရမည်ဖြစ်သည့်အပြင် ၎င်းပုဂ္ဂိုလ်များကိုလည်း ပြည်ထောင်စုရာထူးဝန်အဖွဲ့၏မှတ်တမ်း၌ အမည်မည်းစာရင်းအဖြစ် ထားရှိသွားမည်ဖြစ်ပါသည်။**

**၆။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းမိတ္တူများ၊ ဝင်ကြေးငွေ ၅၀၀၀ိ/- ပေးသွင်းရမည့်နည်းလမ်း၊ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းတို့အတွက် လေ့လာရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။**

၇။ ကြော်ငြာပါ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများရှိ လစ်လပ်ရာထူး (၂) မျိုးအထိသာ လျှောက်ထားခွင့်ရှိပြီး ရွေးချယ်ခြင်းခံရပါက မည်သည့်ရာထူးမဆို တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ **ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ ၅၀၀၀ိ/- (ကျပ်ငါးထောင်) ကို သီးခြားစီပေးသွင်း၍ ပေးသွင်းထားသည့် ချလန် (၂) စောင်ဖြင့် ပူးတွဲလျှောက်ထားရမည်** ဖြစ်ပါသည်။

၈။ လျှောက်ထားသူများသည် လျှောက်လွှာတင်သွင်းစဉ်ကပင် လျှောက်လွှာနှင့်အတူ ချလန်၊ ဘွဲ့လက်မှတ်၊ အထွေထွေဆေးကုသခွင့်လိုင်စင် (ဆမ/သခ)၊ အလုပ်သင်ဆရာဝန်ပြီးမြောက်ကြောင်းထောက်ခံစာ (ဘွဲ့လက်မှတ်မရရှိသေးသူများ)၊ ဘွဲ့နောက်ဆုံးနှစ်အမှတ်စာရင်း၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားစသည့် စာရွက်စာတမ်းမိတ္တူများ ပူးတွဲတင်ပြရမည်။ သတ်မှတ်စာရွက်စာတမ်းမိတ္တူများမပါရှိသူများ၊ လျှောက်လွှာပိတ်ရက်ကျော်လွန်ပြီးမှ စာမေးပွဲဝင်ကြေးပေးသွင်းထားသူများ၊ လျှောက်လွှာပိတ်ရက်ကျော်လွန်ပြီးမှပေးပို့လာသည့် လျှောက်လွှာများအား စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းခံယူရမည်မဟုတ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၉။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ နည်းဥပဒေ ၁၅ ကိုကျင့်သုံး၍ ရေးဖြေစာမေးပွဲစစ်ဆေးခြင်းမပြုဘဲ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းကိုသာ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်း ဖြေဆိုရမည့်နေ့ရက်များကို တစ်ဦးချင်းစီသို့စာဖြင့် အကြောင်းကြားပေးပို့မည် ဖြစ်ပါသည်။

၁၀။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၉၀၅၂၊ ၀၆၇-၃၄၀၉၄၃၀၊ ၀၉-၄၂၄၄၀၈၉၅၄၊ ၀၉-၄၂၀၇၀၆၆၀၅၊ ၀၉-၇၉၇၇၂၇၆၉၆၊ ၀၉-၂၅၄၃၄၇၂၀၉ နှင့် ၀၉-၂၆၂၅၀၂၉၈၈) သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၁။ လျှောက်ထားသူများအနေဖြင့် ကြော်ငြာပါရာထူးတွင် တာဝန်ထမ်းဆောင်ခြင်းနှင့်စပ်လျဉ်း၍ သီးခြားစည်းကမ်းချက်များရှိသည့် ဌာနများ၏ ဆက်သွယ်ရန်ဖုန်းနံပါတ်များအား Myanmar National Portal-www.myanmar.gov.mm တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

လှအောင်
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုရာထူးဝန်အဖွဲ့

## Astro Nova International Co., Ltd

မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇၊ ပုဒ်မ ၁၅၂
မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၃၄၅၊ ပုဒ်မ ၂၅၀ တို့အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာခြင်း

၁။ **Astro Nova International Co., Ltd** ကို အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် ၁၀-၆-၂၀၂၆ ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း **(B.Com, CPA)**၊ အမှတ် (၁၇၈)၊ မီနီကွန်ဒို၊ မြေညီထပ် (ဘီ)၊ တကောင်း (၅) လမ်း၊ (၅) ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၁၈-၇-၂၀၂၆ ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက် ပါသည်။

ဦးစိုင်းအောင်စိုး
မန်နေးဂျင်းဒါရိုက်တာ
Astro Nova International Co., Ltd
၏ ဒါရိုက်တာအဖွဲ့ကိုယ်စား

ဦးစိန်ကျော်ဝင်း
B.Com, CPA
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း-၀၉-၅၁၂၅၉၈၅

ပ၊ ထ၊ န - အမှတ် ၆၄၇/၂၅/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၂၃၀/ ၂၆-၆-၂၀၂၆။